# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၅၃)




## နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုနိုင်ငံ၌ကျင်းပမည့် ထိပ်သီးညီလာခံ၊ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်

**ရန်ကုန်  နိုဝင်ဘာ ၂၂**

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မကြာမီ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊ အာဆီယံ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီး အကဲများ ထိပ်သီးအစည်းအဝေးများနှင့် အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်း အဝေး၊ အာဆီယံ–ဩစတြေးလျ–နယူးဇီလန် အထိမ်းအမှတ် ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) တတိယနေ့နံနက်ပိုင်း သဘာပတိအဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းဆွေနှင့် ဦးသိန်းစိန်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)**

**မျိုးဆက်သစ်လူငယ်များ အနာဂတ်မြန်မာနိုင်ငံတော်၏အားထားရသူများဖြစ်အောင်ကြိုးပမ်း မွန်မြတ်သောယုံကြည်ချက်လုပ်ငန်းစဉ်များ ပခုံးပြောင်းတာဝန်ယူမည့် နိုင်ငံ့သားကောင်းများဖြစ်ရေးပျိုးထောင် မှုဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ရှေ့တန်းကပါဝင်မည့်အမျိုးသားရေးအင်အားစုကြီးအဖြစ်ရပ်တည်**

# နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့နှီးနှောဖလှယ်ပွဲတွေ့ရှိချက်များတင်ပြ

**ရန်ကုန်  နိုဝင်ဘာ ၂၁**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) တတိယနေ့ကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို သင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✡

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) တတိယနေ့ အခမ်းအနားသို့ တက်ရောက်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

# ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုး ပို့ကုန်ပမာဏ တိုးတက်မြင့်မားအောင် အားကြိုးမာန်တက်လုပ်ကိုင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်စေရန်အတွက် နိုင်ငံတော်အစိုးရက ဘက်စုံ၊ထောင့်စုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တစ်ရပ်လုံး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အဓိက အရေးကြီးဆုံးဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး နိုင်ငံတော်နှင့်အတူ သမဝါယမအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုဝင်ဘာလ ၂၀ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသော ဆီအုန်း၊ ရော်ဘာနှင့် အမယ်သစ်(အမည်သစ်)သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေး (၈/၂၀၀၄)သို့ တက်ရောက်၍ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးမှာကြားရာတွင်–

**"ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာ၌ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ဈေးကွက်တည်ငြိမ်ခိုင်မာရေး၊ ကျပ်ငွေတန်ဖိုးခိုင်မာရေးနှင့် ကူးသန်းသွားလာရာ၌ အဟန့်အတားမရှိစေဘဲ လွယ်ကူချောမွေ့စေရေးတို့ကို ဦးတည်ဆောင်ရွက်သွားပြီး နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းသည်ထက် တောင့်တင်းအောင် လုပ်ကိုင်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းစေရန်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကိုလည်း လုပ်ကိုင်ခွင့်များ ချထားပေးပြီး တိုးချဲ့ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည့်အတွက် ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍ တိုးတက်မြင့်မားလျက်ရှိသည်ကို တွေ့ရသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အေးအေးချမ်းချမ်း လုံလုံခြုံခြုံဆောင်ရွက်နိုင်သည့် အခြေခံကောင်းများလည်း ရရှိထားပြီးဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးအတွက်သာမက နိုင်ငံတော်ကို ထောက်ကူအကျိုးပြုရေးအတွက်လည်း စေတနာရှေ့ထား၍ ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က ဈေးကွက်ရှိသည့် ဆီအုန်း၊ ရော်ဘာနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးအတွက် မြေယာလုပ်ကိုင်ခွင့်များ ချထားပေးလျက်ရှိသည်။ အရင်းအနှီးများ ပံ့ပိုးပေးခြင်းအပါအဝင် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံတော်အနေဖြင့် လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်များ ပေးထားသကဲ့သို့ လုပ်ငန်းရှင်များအပိုင်းကလည်း ဆီအုန်းစိုက်ပျိုးရန် မြေဧရိယာဧက ၁၀ သိန်းကျော် ရယူထားကြောင်း သိရသည်။ လုပ်ငန်းရှင်များ စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် မြေယာလုပ်ကိုင်ခွင့်အပြင် စိုက်ပျိုးပြီးမြေများကို အနှစ်(၃၀)နှစ်ရှည် လုပ်ကိုင်ခွင့်များလည်း ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်၍ ဆီအုန်းဧကငါးသိန်း စိုက်ပျိုးရေးရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ ဆီအုန်းဧကနှစ်သိန်းကို ဆောလျင်စွာ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ထို့အပြင် ဈေးကွက်ရှိပြီး ဈေးကွက်ကောင်းလည်းရသည့် ရော်ဘာကို ပြည်နယ်နှင့်တိုင်းဒေသအများစု၌ စိုက်ပျိုးနိုင်ပြီး လက်တွေ့လည်း စိုက်ပျိုးနေကြပြီ ဖြစ်သည်။ ရော်ဘာစိုက်ဧက တိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးတို့ကို လုပ်ကိုင်ဆောင်ရွက်ရင်း အရည်အသွေးကောင်းအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပဈေးကွက်နှင့် ဈေးကောင်းလည်းရရှိပြီး စိုက်ပျိုးသူရော နိုင်ငံတော်အတွက်ပါ အကျိုးရှိမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် ဆီအုန်း၊ ရော်ဘာသာမက အမယ်သစ်(အမည်သစ်) သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပို့ကုန်ပမာဏ တိုးတက်မြင့်မားစေရန် ကြိုးစားလုပ်ဆောင်၍ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိအောင် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၂-၁၁-၂၀၀၄
(တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Shapes of States (တတိယနှစ်၊ပထဝီဝင်)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"** (အပိုင်း–၁၅)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နဲ့ ရန်နိုင်ဓား"** (အပိုင်း–၂၄)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး
## ဓမ္မပူဇာအထူးတရားပွဲ

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ကြီးအား အမှူးထားလျက် ချမ်းမြေ့ဓမ္မသဘင် တရားပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညိုနာကြားတော်မူကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**တရားပွဲကောင်းမှုရှင်များ။**

| | |
|---|---|
| ကျင်းပမည့်နေ့ရက် ။ | ။ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်ကျော် ၁၊ ၂ ရက် ၂၀၀၄ခုနှစ် နိုဝင်ဘာ၂၆ ရက်မှ ၂၈ရက်အထိ |
| ကျင်းပမည့်အချိန် ။ | ။ ည ၇ နာရီတိတိ |
| ကျင်းပမည့်နေရာ ။ | ။ "မဟာသကျမုနိ ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး" ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ

## ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း တက်ရောက်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၂၁

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ၁၉ ရက် နံနက်၇နာရီက အဆိုပါစေတီတော်ရင်ပြင်တော်ရှိ ကျားပျံမကောက်မွှာရုံ၌ ကျင်းပသည်။**

### ကိုးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဧည့်ပရိသတ်တို့က ရွှေဆံတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

### သာသနာရေးဆိုင်ရာလျှောက်ထား

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ရွှေဆံတော်စေတီတော် မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင် ဦးသန်းထွန်းဦးက ဗုဒ္ဓပူဇနီယပွဲတော်ကြီး အစဉ်အလာမပျက် ကျင်းပရခြင်းအကြောင်းကိုလည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးသန်းတန်က အလှူငွေများ ရရှိမှုအခြေအနေများကိုလည်းကောင်း အသီးသီးဖတ်ကြားလျှောက်ထားတင်ပြကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်မြို့ စံနန်းဦးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ယင်းနောက် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်တာဝန်ရှိသူများက ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားအပြီးတွင် အလှူရှင်များက ပင့်သံဃာတော် ၁၀၈ပါးတို့အား စေတီရင်ပြင်တော်ပေါ်တွင် ဆွမ်းဆန်စိမ်း လောင်းလှူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ၂၀ရက်က စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့ပြီး တွေ့ရှိခဲ့သည့် ရွှေ၊ ငွေ ပစ္စည်းများအား ရိုးသားစွာ အပ်နှံခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲတွင် မြောက်ဥက္ကလာပ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မီးသတ်တပ်ဖွဲ့ဝင်များကိုယ်စား မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ဦးစီး) ဦးဇော်ဝင်းအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။**

(မီးသတ်ဦးစီး)

# ဗဟိုအလုပ်အမှုဆောင်များ ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်သည့်အတွက် စည်းရုံးရေးစွမ်းရည်မြင့်မားလျက်ရှိ



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) တတိယနေ့တွင် စည်းရုံးရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ကရင်ပြည်နယ် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်ကိုလတ်က တင်ပြစဉ်။**

(သတင်းစဉ်)

✡ ***ရွှေ့ဖုံးမှ***

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းဆွေနှင့် ဦးသိန်းစိန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းဟန်စိန်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်ရွယ်ကလည်းကောင်း ဆောင်ရွက်ကြသည်။

## အစည်းအဝေးအထမြောက်ကြောင်းကြေညာ

ရှေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၄၄၄ဦးရှိသည့်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၏ တတိယနေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## မလွဲကေန်ဖြစ်

အစီအစဉ်အရ နိုဝင်ဘာ ၁၅ရက်တွင် ကျင်းပခဲ့သည့် စုဖွဲ့မှုများအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို တင်ပြကြရာတွင် ရှေးဦးစွာ စည်းရုံးရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ကရင်ပြည်နယ် ဘားအံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်ကိုလတ်က တင်ပြရာ၌ အင်အားတောင့်တင်းခိုင်မာလာခဲ့သည့် အသင်းကြီးကို ‘ဒို့အင်အားသည် ပြည်သူ့အင်အား၊ ပြည်သူ့အင်အားသည်ဒို့အင်အား’ ဆိုသည့် စည်းရုံးရေးဆောင်ပုဒ်နှင့်အညီ အသင်းဝင်အင်အား တစုတစည်းတည်း ရယူနိုင်မည့် စက်ရုံ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာများ၊ အဆင့်မြင့် ပညာဦးစီးဌာန၌ ရှိနေသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ အခြေခံပညာဦးစီးဌာန၌ ရှိနေသည့် အခြေခံပညာသင်ကျောင်းများအထိ ကွင်းဆင်းဆောင်ရွက်နိုင်မည်ဆိုလျှင် အသင်းကြီးသည် ယခုထက်အင်အား ပိုမိုတောင့်တင်းခိုင်မာလာမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၃ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းဖွင့်ပွဲနှင့် ဆင်းပွဲများ၌ သြဝါဒစကားမိန့်ကြားခဲ့ကြောင်းကို အစီရင်ခံစာ၌ ထည့်သွင်းအစီရင်ခံထားသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းကဲ့သို့ မိန့်ကြားခဲ့သည့် သြဝါဒလမ်းညွှန်မှုများသည် တိုင်းရင်းသားပြည်သူများနှင့် အသင်းဝင်များအတွက် လုပ်ငန်းလမ်းညွှန်မှုများအဖြစ် ခံယူကျင့်သုံးကြရမည့် သြဝါဒများ၊ အသင်းဝင်တစ်ဦးချင်းတစ်ဦးချင်း၊ အနှစ်သာရရှိရှိ ကိုယ်တိုင်လေးစားလိုက်နာကြရမည့် လမ်းညွှန်မှုများဖြစ်သည့်အတွက် အသင်းသားတိုင်းသည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်ရာ၌ မှန်ကန်သည့်အသိ၊ မှန်ကန်သည့်ခံယူချက်၊ မှန်ကန်သည့်ယုံကြည်ချက်များနှင့် ဗဟိုနာယက မြွက်ကြားသည့် သြဝါဒစကားများကို ပြည်သူလူထု၏ နှလုံးသည်းပွတ်အတွင်း စိမ့်ဝင်ပျံ့နှံ့စေပြီး မိမိတို့၏ စည်းရုံးရေးကို တိုးချဲ့ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

## စည်းရုံးရေးစွမ်းရည်မြင့်မား

စည်းရုံးရေး စွမ်းရည်မြှင့်တင်မှုတွင် အသင်းဝင်များအား စိတ်ဓာတ်၊ စွမ်းရည်နှင့် ကျွမ်းကျင်မှု၊ အရည်အသွေးပြည့်စုံသည့် အင်အားစုကြီး ဖြစ်လာအောင် ပြည်သူလူထု၏ အကျိုးစီးပွားကို တာဝန်ယူလိုသည့် ခံယူချက်ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒလမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း၊ အလားတူပင် နာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေးအတွက် ရောက်ရာဒေသတိုင်း၌ တွန်းအားပေးခဲ့ကြောင်းကို သိရပါကြောင်း၊ ထို့အပြင် ဗဟိုအလုပ်အမှုဆောင်များကလည်း မိမိနယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းသားများပိုမို စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု စိတ်ဓာတ် ထွန်းကားရေးအတွက် ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်ကြသည့်အတွက် စည်းရုံးရေးစွမ်းရည်မြင့်မားလျက်ရှိကြောင်းကို တွေ့ရှိရပါကြောင်း။

## လေ့ကျင့်မွေးထုတ်နိုင်

ဌာနချုပ်၏အစီအစဉ်အရ ၁၉၉၄ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ဗဟိုအဆင့် သင်တန်းအမျိုးပေါင်း ၁၀ မျိုးမှ သင်တန်းသားစုစုပေါင်း ၁၄၆၆၃ ဦးကိုလည်းကောင်း၊ ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ်အဆင့်များ၌လည်း ၁၉၉၄ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ သင်တန်း ၁၀ မျိုး၌ သင်တန်းသား စုစုပေါင်း ၁၈၈၈၈၄၄၀ ကိုလည်းကောင်း၊ စုစုပေါင်း အသင်းဝင်၁၈သန်း ၉သိန်းကျော် လေ့ကျင့်မွေးထုတ်နိုင်ခြင်းများသည် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်၌ စွမ်းရည် (၄)ရပ် မြှင့်တင်ရေးကို အကောင်အထည်ဖော်ရာလည်း ရောက်သည့်အတွက် အထူးသင့်မြတ်ကောင်းမွန်ပါကြောင်းနှင့် ဌာနချုပ်၏ အစီအစဉ်အရ ဖွင့်လှစ်သည့် ဗဟိုသင်တန်းများကို တတ်ရောက်ပြီးသူ တစ်သောင်းလေးထောင်ကျော်သာရှိသည်ကို တွေ့ရသည့်အတွက်ကြောင့် ယခုထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖွင့်လှစ် ပေးသွားသင့်ပါကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။

မိမိတို့အသင်းကြီးထဲမှ တောင်ပေါ်နှင့် နယ်စပ်ဒေသအသီးသီးက အသင်းဝင်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ ဒေသန္တရဗဟုသုတများ ရရှိစေရန် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာနိုင်ရန် ရန်ကုန်မြို့ကို အကြိမ်ကြိမ်လာရောက်ကြကြောင်းကို အစီရင်ခံစာ၌ လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းကဲ့သို့ အပြန်အလှန် သဘောအားဖြင့် မြေပြန့်မြို့ပြဒေသအသင်းဝင်များကိုလည်း တောင်ပေါ်နှင့် နယ်စပ်ဒေသအသီးသီး၏ ဖြစ်ပေါ်တိုးတက် ဖွံ့ဖြိုးစည်ပင်လာမှုအခြေအနေများနှင့် ရိုးရာဓလေ့များကို အနီးကပ်ရင်းနှီးစွာလေ့လာနိုင်ရန်ကိုလည်း အသင်းကြီးက စီစဉ်ပေးသင့်ပါကြောင်း။

## လက်တွေ့လေ့လာခွင့်ရရှိ

ထို့အပြင် အစီရင်ခံစာ၌ အိမ်နီးချင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းများမှ ကိုယ်စားလှယ်များကို အသင်းကြီးနှင့် အသင်းတာဝန်ရှိပုဂ္ဂိုလ်များ၏ ဖိတ်ကြားချက်အရ မိမိနိုင်ငံကို လေ့လာရေးခရီးများ လာရောက်နိုင်ခဲ့ခြင်း၊ အသင်းဝင်လူငယ်များအား ပြည်ပနိုင်ငံများသို့စေလွှတ်ခြင်းများကြောင့် အချင်းချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုတိုးပွားလာစေပြီး မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လက်တွေ့လေ့လာခွင့်ရရှိစေမည်ဖြစ်ကြောင်းကို ထောက်ခံတင်ပြအပ်ပါကြောင်း၊ ယင်းအစီအစဉ်နှင့်ပတ်သက်ပြီး အကြံပြုတင်ပြလိုသည်မှာ ပြည်ပနိုင်ငံများကို လေ့လာရေးသွားရောက်ခဲ့ကြသည့် အလုပ်အမှုဆောင်များနှင့် အသင်းဝင်များကို အသင်းကြီးနှင့် ကင်းကွာမသွားစေရန် မိမိအသင်း၏ အမာခံများနှင့် အစဉ်အမြဲတွေ့ဆုံပြီး ရရှိလာသည့် အတွေ့အကြုံများ၊ ဗဟုသုတများကို မိမိဒေသ၊ မိမိရပ်ရွာ၌ တစ်ထောင့်တစ်နေရာက ပြန်လည်ချပြသင့်ကြောင်းကိုလည်း အကြံပြုတင်ပြလိုပါကြောင်း၊ ထို့အပြင် အသင်း၌ တက်တက်ကြွကြွ လုပ်ဆောင်နေကြသည့် အလုပ်အမှုဆောင်များကိုလည်း ပြည်ပနိုင်ငံများသို့ အသက်အရွယ်ကန့်သတ်မထားဘဲ အလှည့်ကျလေ့လာရေးခရီးတွင် ထည့်သွင်းစေလွှတ်ပေးသင့်ကြောင်းကို တင်ပြလိုပါကြောင်းဖြင့် တင်ပြသွားသည်။

# လူငယ်ထုအတွင်း လူသားစွမ်းရည်အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံရုံးသုံးနှင့်ကွန်ပျူတာ(နည်းပြ)သင်တန်းများဖွင့်လှစ်နိုင်ရေးစီစဉ်



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) တတိယနေ့တွင် စီမံရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှတွေ့ရှိချက်များကို မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ဆွေဝင်းက တင်ပြစဉ်။**

(သတင်းစဉ်)

## စီမံရေးကဏ္ဍ

ထို့နောက် စီမံရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ဆွေဝင်းက တင်ပြရာတွင် ပြည်နယ်နှင့်တိုင်း အသင်းများတွင် ရုံးလုပ်ငန်းများ အဆင်ပြေစေရန်နှင့် လူငယ်ထုအတွင်း လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံရုံးသုံးနှင့် ကွန်ပျူတာ (နည်းပြ) သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်ကို အကြံပြုတင်ပြအပ်ပါကြောင်း။

## ပိုမိုကောင်းမွန်လာ

ငွေကြေးပံ့ပိုးမှုအပိုင်းတွင် အသင်းဌာနချုပ် စီမံရေးရာဌာနအနေဖြင့် ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၏ နာရေးကိစ္စများ၌ ထောက်ပံ့ခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများအတွက် လှူဒါန်းခြင်းများနှင့် ဌာနချုပ်ရှိ ဝန်ထမ်းများ၏ သားသမီးများကို ပညာသင်စရိတ် ထောက်ပံ့မှုများ၊ သင်တန်းစရိတ်ထုတ်ပေးခြင်းကို သက်ဆိုင်ရာအဖွဲ့အစည်းများကို တိုက်ရိုက်ငွေပေးချေခြင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ သတ်မှတ်နှုန်းထားအတိုင်း ထုတ်ပေးခြင်းများအပြင် ခရီးအတွက် အမှန်တကယ်ကြန့်ကြာမှုနှင့် နေထိုင်စားသောက်စရိတ်များကိုပါ စိစစ်ထုတ်ပေးသင့်ပါကြောင်း၊ ထို့အပြင် အခြေအနေပေးပါက ကျေးရွာ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ နာရေးဖြစ်ပေါ်သည့်အခါ ကူညီထောက်ပံ့မှုများ ပေးနိုင်ပါက စည်းရုံးရေး ပိုမိုကောင်းမွန်လာနိုင်ကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ပနိုင်ငံများသို့ စေလွှတ်ခြင်းနှင့် ပတ်သက်ပြီး အသင်းကြီးစတင်ဖွဲ့စည်းချိန်မှ ယခုအစီရင်ခံသည့် ကာလအထိ အသင်းဝင်ပေါင်း ၆၆၂ဦးအား ပြည်ပနိုင်ငံများကို စေလွှတ်ပြီးကြောင်းကိုတွေ့ရှိရပါကြောင်း၊ ယင်းကဲ့သို့ စေလွှတ်ခြင်းဖြင့် အသင်းဝင်လူငယ်များ ပြည်ပအတွေ့အကြုံ ဗဟုသုတများ ရရှိစေနိုင်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူငယ်များနှင့် ချစ်ကြည်ရင်းနှီးမှုများ၊ အမြင်ချင်း အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် ပိုမိုစေလွှတ်သင့်ပါကြောင်းကို အကြံပြုတင်ပြလိုပါကြောင်း။

ယင်းကဲ့သို့ပင် အမျိုးသားနိုင်ငံရေး အဖွဲ့အစည်းအတွင်း သက်တမ်း (၁၁)နှစ်ကျော်သည့်အထိ ဆန္ဒအလျောက် ပါဝင်ထမ်းဆောင်နေကြသော အသင်းအဆင့်ဆင့်မှ အမှုဆောင်များကို စိတ်ဓာတ်ရေးအရသော်လည်းကောင်း၊ စည်းရုံးရေးအရသော်လည်းကောင်း၊ ကန့်သတ်ချက်များ လျှော့ပေါ့စဉ်းစားပြီး ပိုမိုတိုးချဲ့စေလွှတ်သင့်ပါကြောင်းကိုပါ အကြံပြုတင်ပြအပ်ပါကြောင်း။

## ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်မည်

ပြည်တွင်းလေ့လာရေးခရီးစဉ်အရ ဌာနချုပ်ကို နယ်စပ်ဒေသများမှ အသင်းဝင်များ လာရောက်လေ့လာကြကြောင်းကို အစီရင်ခံစာ၌ ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်နယ်/တိုင်း ဒေသရေးရာ ညှိနှိုင်းရေးမှူးများမှတစ်ဆင့် ပြည်နယ်နှင့်တိုင်း အသင်းအချင်းချင်း အပြန်အလှန် လေ့လာရေး အစီအစဉ်များကို ဆောင်ရွက်ပေးမည်ဆိုပါက အသင်းဝင်အချင်းချင်း ပိုမိုရင်းနှီးချစ်ခင်မှုနှင့် ဗဟုသုတရရှိနိုင်ပြီး နေရာဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်မည်ဖြစ်ကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

***စာမျက်နှာ ၅ ကော်လံ ၁ သို့***

❑ **အသင်းဝင်အင်အား တစုတစည်းတည်း ရယူနိုင်မည့် စက်ရုံ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာများ၊ အဆင့်မြင့်ပညာဦးစီးဌာန၌ ရှိနေသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ အခြေခံပညာဦးစီးဌာန၌ ရှိနေသည့် အခြေခံပညာသင်ကျောင်းများအထိ ကွင်းဆင်းဆောင်ရွက်နိုင်မည်ဆိုလျှင် အသင်းကြီးသည် ယခုထက်အင်အား ပိုမိုတောင့်တင်းခိုင်မာလာမည်မှာ မလွဲကေန်ဖြစ်။**

❑ **ပြည်နယ်/တိုင်း ဒေသရေးရာ ညှိနှိုင်းရေးမှူးများမှ တစ်ဆင့် ပြည်နယ်နှင့်တိုင်း အသင်းအချင်းချင်း အပြန်အလှန် လေ့လာရေး အစီအစဉ်များကို ဆောင်ရွက်ပေးမည်ဆိုပါက အသင်းဝင်အချင်းချင်း ပိုမိုရင်းနှီးချစ်ခင်မှုနှင့် ဗဟုသုတရရှိနိုင်ပြီး နေရာဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်မည်ဖြစ်။**

## နိုင်ငံတကာသတင်းများ

# ရေနံ၊ အိုင်တီနှင့် ဘဏ်လုပ်ငန်းများ အိန္ဒိယနှင့်ရုရှား ပူးပေါင်းဆောင်ရွက်မည်

နယူးဒေလီ နိုဝင်ဘာ ၂၀

**ရုရှားနိုင်ငံသည် အိန္ဒိယထံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရန် ကြိုးပမ်းထားကြောင်း၊ ရေနံ၊ အိုင်တီနှင့် ဘဏ်လုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရန် ဆောင်ရွက်ထားကြောင်း အင်ဒို-အာရှ သတင်းဌာန(အိုင်အေအင်အက်စ်)က သတင်းထုတ်ပြန်သည်။**

ရေနံ၊ ဓာတ်ငွေ့၊ အိုင်တီ၊ သံနှင့် သံမဏိ ဟုတ်သော သတ္တုကဏ္ဍတွင် ဖြစ်နိုင်ဖွယ် ပူးပေါင်းဆောင်ရွက်မှုကို မိမိတို့ ရှာကြံလျက်ရှိကြောင်း၊ ထို့ပြင် ဆောက်လုပ်ရေးနှင့် အခြားနယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသည့် ရုရှားဒုတိယဝန်ကြီးချုပ် အေဒီဇူးကော့က သောကြာနေ့၌ ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံသို့ ဒီဇင်ဘာ ပထမပတ်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင် လာရောက်မည်ဖြစ်ရာ ဇူးကော့က ကြိုတင်လာရောက်ခြင်း ဖြစ်သည်။ ရုရှားသို့ တိုက်တေနီယံဒိုင်အောက်ဆိုဒ် တင်ပို့ရေးအပါအဝင် အိန္ဒိယ၌ စက်မှုထုတ်လုပ်ရေး စက်ရုံများ ထူထောင်သွားနိုင်မည့် အခွင့်အလမ်းများကို ရုရှားရင်းနှီးမြှုပ်နှံသူများက မျှော်လင့်လျက်ရှိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

**တိုးမြှင့်တည်ဆောက်**

ရုရှားသမ္မတ ပူတင် အိန္ဒိယနိုင်ငံသို့ မလာရောက်မီ ဘင်္ဂလားဒေ့ရှ်၌ အိုင်တီညီလာခံ ကျင်းပခြင်းဖြင့် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်တည်ဆောက်ရန်လည်း မိမိတို့ကြိုးစားနေကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**



**စင်ကာပူ၌ အီလက်ထရွန်းနစ် ပစ္စည်းများ ရောင်းချသည့် စတိုးဆိုင်တစ်ဆိုင်ကို နိုဝင်ဘာ ၂၀ရက်က တွေ့ရစဉ်။** (စင်ကာပူနိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး အီလက်ထရွန်းနစ် နည်းပညာများ အဓိက ပံ့ပိုးပေးနေကြောင်း သိရသည်။)
**(ဓာတ်ပုံ-အင်တာနက်)**

# ဗီယင်နာ၌ပြုလုပ်မည့် အိုင်အေအီးအေအစည်းအဝေးသို့ တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်

**ဆိုးလ် နိုဝင်ဘာ ၂၀**

ဗီယင်နာတွင် ရှေ့သီတင်းပတ်၌ ကျင်းပမည့် နိုင်ငံတကာဆိုင်ရာ အဏုမြူစွမ်းအင်(အိုင်အေအီးအေ) အစည်းအဝေးသို့ တောင်ကိုရီးယားနိုင်ငံက ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားယွန်ဟက်သတင်းဌာနက သောကြာနေ့၌ သတင်းထုတ်ပြန်သည်။

**ဆုံးဖြတ်မည်**

နိုဝင်ဘာ ၂၅ရက်၌ ကျင်းပမည့် အစည်းအဝေးတွင် တောင်ကိုရီးယားနိုင်ငံ၏ အမှုကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အဆုံးအဖြတ်ပေးရန် တင်ပြခြင်း ပြုမည်၊ မပြုမည်ကို ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့က ဆုံးဖြတ်မည် ဖြစ်သည်။

**ပြုလုပ်နိုင်**

အကယ်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံတကာဆိုင်ရာ နျူကလီးယား မပြန့်ပွားရေး သဘောတူချက်များကို ချိုးဖောက်သည်ဟု ဆုံးဖြတ်လျှင် ပိတ်ပင်အရေးယူမှုများကို ပြုလုပ်နိုင်သည်။

ပြီးခဲ့သည့်သီတင်းပတ်၌ တောင်ကိုရီးယားစမ်းသပ်မှုများတွင် ထုတ်လုပ်ခဲ့သည့် နျူကလီးယားပစ္စည်းအချို့သည် လက်နက်ပြုလုပ်နိုင်သည့် အဆင့်နီးပါးရှိကြောင်း အိုင်အေအီးအေ အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။ သို့ရာတွင် ထိုစမ်းသပ်မှုများသည် လျှို့ဝှက်လက်နက်ထုတ်လုပ်သည့် အစီအစဉ်နှင့် ဆက်စပ်မှုမရှိကြောင်း အိုင်အေအီးအေက အသိအမှတ်ပြုခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နှင့်ဂျပန် နှစ်နိုင်ငံဆက်ဆံရေး နိုင်ငံခြားရေးဝန်ကြီးနှစ်ဦး တွေ့ဆုံဆွေးနွေး

ဆန်တီယာဂို နိုဝင်ဘာ ၂၀

**ချီလီနိုင်ငံ မြို့တော်ဆန်တီယာဂိုမြို့တွင် နှစ်ရက်ကြာကျင်းပသည့် ဝန်ကြီးအဆင့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်)ဖိုရမ်အတွက် ရောက်ရှိနေကြသော တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး နိုဘူတာကာ မာချီမူရာတို့သည် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများကို ကြာသပတေးနေ့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။**

ယင်းအစည်းအဝေးကို အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်၏ ပြင်ပ အစည်းအဝေးအဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေး၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး လီက တရုတ်-ဂျပန် ဆက်ဆံရေးသည် အရေးကြီးသည်ဟု တရုတ်အစိုးရက သဘောထားရှိကြောင်းနှင့် ရေရှည် တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဖြင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက် မှုရှိသည့် ဆက်ဆံရေးများ အရှိန်မြင့် တက်စေရန် နှစ်ဖက်စလုံးက ကြိုးပမ်းကြမည်ဟု မျှော်လင့်ကြောင်း မာချီမူရာ အား ပြောကြားသည်။

**အပြန်အလှန်**

အပြန်အလှန် ဆက်သွယ်မှုများနှင့် ဖလှယ်မှုများကို ထိန်းသိမ်းရန်အတွက် တရုတ်နှင့်ဂျပန် ခေါင်းဆောင်များအတွက် နှစ်နိုင်ငံဆက်ဆံရေး သိသာထူးခြားစွာ တိုးတက်မှုဖြစ်ကြောင်း ဝန်ကြီးလီက ပြောကြားသည်။

**အလွန်အရေးကြီး**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မာချီမူရာကလည်း အဆင့်အမျိုးမျိုး၌ ဆက်သွယ်မှုများနှင့် ဆွေးနွေးမှုများကို ထိန်းသိမ်းရန် ဂျပန်နှင့် တရုတ်နိုင်ငံတို့အတွက် အလွန်အရေးကြီးကြောင်း သဘောတူခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ဘာဆာရာမြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးဆောင်ရွက်နေသော ဗြိတိသျှ တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၁၉ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# နိုဝင်ဘာလအတွင်း ကန်တပ်ဖွဲ့ဝင်များ အီရတ်၌သေဆုံးမှု ၁၀၀နီးပါးရှိရာ ဒုတိယအသေအပျောက် အများဆုံးလဖြစ်

ဝါရှင်တန် နိုဝင်ဘာ ၂၀

**အီရတ်နိုင်ငံတွင် နိုဝင်ဘာလအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုသည် ၁၀၀ နီးပါးရှိရာ ၂၀၀၃ခုနှစ် မတ်လအတွင်း၌ အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး အသေအပျောက်အများဆုံး ဒုတိယမြောက်လဖြစ်ခဲ့သည်ဟု ပင်တဂွန်က သတင်းထုတ်ပြန်သည်။**

အဆိုးဆုံးလမှာ လွန်ခဲ့သည့် ဧပြီလဖြစ်ခဲ့ပြီး ၁၃၅ဦးသေဆုံးခဲ့သည်။ ထိုလ၌ ခုခံတိုက်ခိုက်မှုများ အပြင်းထန်ဆုံးနှင့် ဖလူးဂျာ၌ အမေရိကန်မရိန်းတပ်များက တိုက်ပွဲများ အပြင်းအထန်ဆုံး ဆင်နွှဲခဲ့ရာမှ ထိုသို့ အသေအပျောက်အများဆုံး ဖြစ်ခဲ့ခြင်း ဖြစ်သည်။

**သေဆုံး**

ယခုအချိန်ထိ တတိယမြောက် အသေအများဆုံးလသည် ၂၀၀၃ခုနှစ် နိုဝင်ဘာလ ဖြစ်ခဲ့ပြီး ၈၂ဦးသေဆုံးခဲ့သည်။ ယခုနှစ်မေလနှင့် စက်တင်ဘာလ၌ အမေရိကန်တပ်ဖွဲ့ဝင် ၈၀ သေဆုံးခဲ့သည်။

**တိုက်ဆိုင်**

အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုအရေအတွက် မြင့်တက်လာခြင်းသည် အီရတ်နိုင်ငံ၏ ဒေသအများအပြား၌ စစ်မက်ငြိမ်းအေးစေရန် အမေရိကန်စစ်ဘက်တပ်မှူးများက ကြိုးပမ်းနေချိန်နှင့် တိုက်ဆိုင်နေသည်။

**အရှိန်မြင့်တက်**

ထို့ပြင် အမေရိကန်တပ်မှူးအချို့က ခုခံတိုက်ခိုက်ရေးသမားတို့၏ နောက်ဆုံးကြိုးပမ်းမှုဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောဆိုနေကြသော်လည်း ယခုကဲ့သို့ နိုဝင်ဘာလအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုများခဲ့ခြင်းသည် တိုက်ခိုက်ရေးသမားတို့၏ တိုက်ခိုက်မှုများ အရှိန်မြင့်တက်လာခြင်းကို ထင်ဟပ်ဖော်ပြခဲ့သည်။ **(အင်တာနက်)**

# ဘဂ္ဂဒက်၌ ကားဗုံးဖောက်ခွဲ တိုက်ခိုက်

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၀**

အီရတ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် ၎င်းတို့၏ အမာခံနယ်မြေများကို ပြင်းထန်စွာ နှိမ်နင်းလျက်ရှိသော်လည်း တစ်ဖက်၌ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

**တိုက်ခိုက်**

ဘဂ္ဂဒက်မြို့ လူနေရပ်ကွက်အတွင်း ယမန်နေ့ နေ့လယ်ပိုင်း၌ ပြင်းထန်သော အသေခံကားဗုံး ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ဖောက်ခွဲရေး ပစ္စည်းများပါရှိသော ကားတစ်စီးက စစ်ဆေးရေးစခန်းတစ်ခုကိုဖြတ်ကာ ရဲတပ်ဖွဲ့ဝင်ကားသုံးစီးကို ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

၎င်းတိုက်ခိုက်မှုအတွင်း အီရတ်ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ပြီး အရပ်သားခြောက်ဦးနှင့်အတူ ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်။

**(စီအင်န်အင်န်)**

# နိုဝင်ဘာ ၂၀ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၂၁ဦး ရှိပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၁

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။**

နိုဝင်ဘာ ၂၀ရက် စနေနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၂၁ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၄၆ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၀၈၃ ဦးဖြစ်ပြီး ယင်းအနက် ၈၃၇ ဦးမှာ တိုက်ပွဲ၌သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# အင်းလေးဒေသ၌ ခရမ်းချဉ်သီးထွက်စားကုန်ပစ္စည်းစက်ရုံတည်ဆောက်နေ မကြာမီပြည်ပသို့ကုန်ရောင်းကုန်ဝယ်လုပ်ငန်းအဖြစ် စတင်ဆောင်ရွက်မည်



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) တတိယနေ့တွင် စီးပွားရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းနှင်းခိုင်က တင်ပြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

## စီးပွားရေးကဏ္ဍ

ဆက်လက်၍ စီးပွားရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းနှင်းခိုင်က တင်ပြရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် မွန်မြတ်လှသည့် ရည်ရွယ်ချက်(၅)ရပ်နှင့်အညီ နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဦးတည်ချက်(၄)ရပ်ကို ဦးထိပ်ထားပြီး စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယခုအခါ သက်တမ်း(၁၁)နှစ် ကျော်လာပြီဖြစ်၍ အတွေ့အကြုံများလည်း ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

## ညှိနှိုင်းဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့သည် တစ်နှစ်ထက်တစ်နှစ် စည်းရုံးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လာရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ရန်ပုံငွေများကို အသင်းကြီး၏ ငွေရေးကြေးရေးဆိုင်ရာ အခြေခံမူများနှင့်အညီ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်အတွက် ဗဟိုအလုပ်အမှုဆောင်၊ စီးပွားရေးဦးဆောင်အဖွဲ့ကို ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ ဖွဲ့စည်းပြီး ဦးဆောင်ကြီးကြပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်းကို အစီရင်ခံစာ၌ ဖော်ပြထားသည်ကို သိရှိရပါကြောင်း။

စီးပွားရေးဦးဆောင်အဖွဲ့အနေဖြင့် ပုံမှန်အစည်းအဝေးများကျင်းပပြီး ဆုံးဖြတ်ချက်များချ၍ ဆောင်ရွက်ခြင်း၊ လုပ်ငန်းလိုအပ်ချက်ရှိလာလျှင် အရေးပေါ် အစည်းအဝေးခေါ်ယူ ဆောင်ရွက်ခြင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို အသိပေးတင်ပြ၍ လမ်းညွှန်မှုခံယူခြင်းတို့သည် မှန်ကန်သော ဆောင်ရွက်ချက်၊ အောင်မြင်မှု အကျိုးရလဒ်ဆီကို ဦးတည်စေသည့် ဆောင်ရွက်ချက်များဖြစ်သည့်အတွက် ကြိုဆိုထောက်ခံပါကြောင်းကို တင်ပြအပ်ပါကြောင်း။

မြန်ဂုဏ်မြင့် ဓာနှင့်အထည်ချုပ်စက်ရုံကို ၁-၄-၂၀၀၃ မှစ၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပိတ်ဖြူများ၊ ခြင်ထောင်ဓာများ၊ ပိတ်ဖောက်ဓာများကို ဈေးကွက်ဝင် ရောင်းချပေးမည်ဖြစ်ကြောင်းဖော်ပြထားရာ ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားသို့တင်ပို့နိုင်ရန် စံချိန်မီ ဈေးကွက်ဝင်အဆင့်ထိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။

## ထုတ်လုပ်ရောင်းချ

ရန်ကုန်တိုင်း ရွှေပြည်သာစက်မှုဇုန်တွင် အချိုရည်စက်ရုံ ဆောက်လုပ်လျက်ရှိရာ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် စက်ရုံစတင်လည်ပတ်ပြီး ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရှိရသည့်အတွက် အလားတူ စက်ရုံများကို မန္တလေး၊ မုံရွာစသော မြို့များတွင်ပါ တည်ဆောက်ဖြန့်ဖြူးပေးသင့်ပါကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသတွင် ခရမ်းချဉ်သီးထွက်စားကုန်ပစ္စည်းစက်ရုံ တည်ဆောက်လျက်ရှိရာ မကြာမီကာလအတွင်း ပြည်ပပို့ကုန်ရောင်းဝယ်ရေးလုပ်ငန်းအဖြစ် စတင်ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည့်အတွက် နိုင်ငံခြားငွေရရှိရေးလုပ်ငန်းတစ်ခုဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းကို တင်ပြအပ်ပါကြောင်း။

ငါးမွေးမြူရေးလုပ်ငန်းများအနေဖြင့် ဧရာဝတီတိုင်း၊ညောင်တုန်း၊မအူပင်၊ သာပေါင်း၊ပန်းတနော်မြို့နယ်များတွင် ငါးမွေးမြူရေးကန် ၃၅၀နှင့် ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်နှင့် တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်တွင် ပုစွန်မွေးမြူရေးလုပ်ငန်းများ အကြီးအကျယ်ဆောင်ရွက်နေကြောင်းကို တွေ့ရှိရပါကြောင်း။

## အလွန်လုပ်ဆောင်သင့်

ဤလုပ်ငန်းတွင် ပြည်တွင်းစားသုံးမှုဖူလုံစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကိုပါ အထောက်အကူပြုရုံသာမက နိုင်ငံခြားငွေရရှိသည့် ပြည်ပပို့ကုန်လုပ်ငန်းများဖြစ်လာနိုင်ခြင်းကြောင့် အသင်းကြီးအတွက် အလွန်လုပ်ဆောင်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကော်မတီက မန္တလေးတိုင်း၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တနင်္သာရီတိုင်း၊ရန်ကုန်တိုင်းတို့တွင် ဒူးရင်း၊သရက်၊ရော်ဘာ၊ဆီအုန်း၊သီဟိုဠ်အစရှိသည့် နှစ်ရှည်ပင်များအပြင် စပါးနှင့်ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများဆောင်ရွက်နေသည်ကို သိရှိရ၍အသင်းကြီး၏ ရေရှည်အကျိုးစီးပွားအတွက် များစွာအားတက်မိပါကြောင်းကို တင်ပြလိုပါကြောင်း။

## ပိုမိုအောင်မြင်မည်

ထို့အပြင် ပြည်နယ်နှင့်တိုင်းများတွင်လည်း ဒေသနှင့်ကိုက်ညီသည့် ဥယျာဉ်ခြံမြေ၊နှစ်ရှည်သီးနှံများကို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်းကို အကြံပြုတင်ပြလိုပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်တစ်ဆက်တည်း ဓာတ်မြေဩဇာ ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးရေးလုပ်ငန်းကိုလည်း တောင်ကြီး၊မန္တလေး၊ ရန်ကုန်တို့တွင် ထုတ်လုပ်ရောင်းချလျက်ရှိသည်ကို သိရှိရပါကြောင်း။ ဓာတ်မြေဩဇာများကိုဈေးနှုန်းချိုသာစွာဖြင့် အသင်းများမှတစ်ဆင့် ဖြန့်ဖြူးရောင်းချနိုင်မည်ဆိုပါက ကျေးလက်စည်းရုံးရေး ပိုမိုအောင်မြင်မည်ဖြစ်ကြောင်းကို သုံးသပ်အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်နယ်နှင့်တိုင်းအသင်းများသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ခဲ့ပြီး စည်းရုံးရေးလုပ်ငန်းများလည်း ပိုမိုထိရောက်အောင်မြင်လာကာ ပြည်သူများ၏ယုံကြည်အားကိုးမှုကို ပိုမိုရရှိခဲ့ပါကြောင်း။

## ပြည်သူ၏အားကိုးအားထား

ယင်းကဲ့သို့ ပြည်နယ်နှင့်တိုင်းအသင်းများ၏ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် ပံ့ပိုးငွေများထောက်ပံ့ပေးခဲ့သည့်အတွက် ဗဟိုအလုပ်အမှုဆောင် စီးပွားရေးဦးဆောင်အဖွဲ့ကို အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုပါကြောင်း၊ ထို့အပြင် ယင်းထောက်ပံ့မှုများသည် ပြည်သူလူထုကို လက်တွေ့အကျိုးဖြစ်ထွန်းလာစေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လုပ်ငန်းများတွင် အလွန်ထိရောက်မှုရှိပါကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာနိုင်လေလေ ပြည်သူ၏အားကိုးအားထား ပိုမိုရရှိမည်ဖြစ်သည့်အတွက် ပံ့ပိုးထောက်ပံ့မှုများကို ယခုထက်ပိုမို ပံ့ပိုးထောက်ပံ့ပေးစေလိုပါကြောင်းကို တင်ပြအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

> ❑ ပြည်နယ်နှင့်တိုင်းအသင်းများသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ခဲ့ပြီး စည်းရုံးရေးလုပ်ငန်းများလည်း ပိုမိုထိရောက်အောင်မြင်လာကာ ပြည်သူများ၏ယုံကြည်အားကိုးမှုကို ပိုမိုရရှိခဲ့။

# မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့်အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက် ယဉ်ကျေးမှုအမွေအနှစ်လက္ခဏာများ စောင့်ရှောက်ထိန်းသိမ်းရေး အထူးအလေးပေး



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) တတိယနေ့တွင် လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမော်ရယ်က တင်ပြစဉ်။

(သတင်းစဉ်)

## လူမှုရေးနှင့်ယဉ်ကျေးမှု

ထို့နောက် လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍနှီးနှောဖလှယ်ပွဲမှတွေ့ရှိချက်များကို ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမော်ရယ်က တင်ပြရာတွင် မိမိတို့အသင်းကြီး၏အသင်းသူအသင်းသားတိုင်းထမ်းဆောင်ရမည့် တာဝန်ကိုယ်စီမှာ အသင်းကြီး၏ ရည်ရွယ်ချက်၊အခြေခံမူ၊ ကတိသစ္စာ၊ ကျင့်ဝတ်တာဝန်ဝတ္တရားများကို ခံယူပြီး အကောင်အထည်ဖော်နိုင်ရန်အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ပေါက်စေရေးအတွက် တညီတညွတ်တည်း တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားရန်ပင်ဖြစ်ပါကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်သည့်နေရာ၌ အမြဲထာဝစဉ်နှလုံးသွင်းနေရမည့် အချက်မှာ 'လူမှုရေးသည် စည်းရုံးရေး၏သော့ချက်' ဆိုသည့် အချက်ပင်ဖြစ်ပါကြောင်း၊ လူမှုရေးဆောင်ရွက်ချက်များကို ပိုမိုနက်ရှိုင်းကျယ်ပြန့်လာသည်နှင့်အမျှ စည်းရုံးရေးသည်လည်း ပိုမိုထက်မြက်အောင်မြင်မည်ဖြစ်ပါကြောင်း၊ အပေါင်းလက္ခဏာဆောင်သည့် အကျိုးဆက်မှာ အသင်းဝင်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုကျစ်လျစ်ခိုင်မာလာပြီး တစ်ဖက်တွင်လည်း ပြည်သူလူထု၏ လက်တွေ့ကျကျထိတွေ့ခံစားမှုမှ ပေါက်ဖွားလာသည့် အသင်းကြီးအပေါ် ယုံကြည်ကိုးစားအားထားမှုများသည်လည်း အစဉ်တစိုက်တိုးပွားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရရှိပြီးသားအောင်မြင်မှုများကို ထိန်းသိမ်းရင်း ဆက်လက်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းကို ရှေးဦးစွာတင်ပြလိုပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်သည့်နေရာတွင် ထိထိမိမိဆောင်ရွက်နိုင်ရေးအတွက် သာရေး၊နာရေး၊လုပ်ငန်းအဖွဲ့ခွဲ၊လူမှုရေး အဖွဲ့အစည်းများအဖွဲ့ခွဲ၊ လူထုလူတန်းစားအလွှာများအဖွဲ့ခွဲနှင့် အားကစား၊စာပေနှင့်အနုပညာအဖွဲ့ခွဲဆိုပြီး အဖွဲ့ခွဲ(၄)ဖွဲ့ဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

## ကမကထပြု

ဆောင်ရွက်ချက်များစွာအနက် ပညာရေးဆိုင်ရာဆောင်ရွက်ချက်များအနေဖြင့် သင်ရိုးကုန် ဗီစီဒီခွေများလှူဒါန်းခြင်းသည် ပညာရေးအတွက် မရှိမဖြစ် လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရုံသာမက လေ့လာသင်ယူမှုအတွက်လည်း ကြီးမားစွာအထောက်အကူပြုစေခဲ့ပါကြောင်း၊ အချို့သောပြည်နယ်နှင့်တိုင်းများ၌ဆိုရင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားစေရေးအတွက် အသင်းကြီးက ကမကထပြုပြီး စာဖတ်ဝိုင်းများ၊ ညအိပ်စခန်းသွင်းလေ့ကျင့်ခြင်းများနှင့် လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ခြင်းတို့ကိုလည်းဆောင်ရွက်ခဲ့နိုင်သဖြင့် ပြင်ပကျူရှင်များအပေါ် မှီခိုအားထားတတ်သည့် အလေ့အထကို လျော့ပါးစေခဲ့ပါကြောင်း၊ ယင်းလုပ်ရပ်ကိုအတုယူပြီးဆောင်ရွက်ခြင်း မရှိသေးသော အခြားပြည်နယ်နှင့်တိုင်းများကလည်း အလားတူဆောင်ရွက်မှုမျိုးကို အသင်းကြီး၏ ဦးဆောင်ပါဝင်မှုဖြင့် ကြိုးပမ်းလုပ်ဆောင်သင့်ပါကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။

ကျန်းမာရေးဆိုင်ရာဆောင်ရွက်ချက်များအနေဖြင့် ရောဂါအမျိုးမျိုးဆိုင်ရာ ကာကွယ်ရေး၊ ဟောပြောပွဲများအပြင် (SARS)ရောဂါကြိုတင်ကာကွယ်ရေး ဟောပြောပွဲများကျင်းပပေးနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံသည် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌မည်သည့်အခါကမှ နောက်ကျမကျန်ရစ်ခဲ့ပါကြောင်း၊ အခြေအနေနှင့် အချိန်အခါအလျောက် အရေးကြီးလျှင် ကြီးသကဲ့သို့ ကာကွယ်စောင့်ရှောက်ကုသ ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် အာရှနိုင်ငံအချို့၌ ဖြစ်ပွားခဲ့သည့် (SARS)ရောဂါသည် မြန်မာနိုင်ငံကိုပျံ့နှံ့ကူးစက်ခြင်းမရှိခဲ့ပါကြောင်း။ ယင်းကဲ့သို့ အခြေအနေမျိုး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက (SARS) ရောဂါကြိုတင်ကာကွယ်ရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်ကို များစွာနှစ်ထောင်အားရဖြစ်မိပါကြောင်းကို ထုတ်ဖော်ပြောကြားလိုပါကြောင်း။

## စနစ်တကျပြုစုတင်ပြ

ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ အကြံပြုတင်ပြလိုသည်မှာ နယ်လှည့်ဆေးကုသမှုများ ဆောင်ရွက်သည့်အခါ ပြည်နယ်၊တိုင်းအသင်းအလိုက် ကွင်းဆင်းကုသနိုင်မှုအကြိမ်ပေါင်း၊ နေရာအရေအတွက် ကုသပေးသည့် လူနာဦးရေ ပါဝင်ဆောင်ရွက်မှုအင်အား၊ ဆေးဝါးတန်ဖိုးစသည်ဖြင့် စာရင်းချုပ်များ နောက်ဆက်တွဲပုံစံဖြင့် စနစ်တကျပြုစုတင်ပြနိုင်မည်ဆိုပါက မိမိတို့အသင်းကြီး၏ တစ်နှစ်တာကာလအတွင်း ကျန်းမာရေးအကျိုးပြုဆောင်ရွက်နိုင်မှုကို အလွယ်တကူလေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် သက်ဆိုင်ရာခရိုင်၏ကြီးကြပ်မှုအရ မြို့နယ်အလိုက်အသင်းဝင်များ၏သွေးလှူရှင်မှတ်တမ်းများ ပြုစုထားရှိမည်ဆိုပါက အရေးပေါ်လူနာများ သွေးလိုအပ်မှုရှိလာသည့်အခါ အသင်းအနေဖြင့် အချိန်မရွေးသွေးလှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကို အကြံပြုတင်ပြလိုပါကြောင်း၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာများ၌လည်း သွေးလှူရှင်အသင်းများဖွဲ့စည်းတည်ထောင်ပြီးအချိန်မီသွေးလှူ၍ ကူညီမှုများပြုလုပ်သင့်ပါကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့

> ❑ ယနေ့ ကမ္ဘာ့နိုင်ငံအတော်များများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို နည်းပညာခေတ်၏စိန်ခေါ်မှုကြောင့် တိမ်ကောပျောက်ကွယ်မှု မဖြစ်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။ ထို့ကြောင့် ယဉ်ကျေးမှုလက္ခဏာအမွေအနှစ်များ စောင့်ရှောက်ထိန်းသိမ်းရေးကို အထူးအလေးပေးဆောင်ရွက်သင့်။

22-11 (05).p65 1 3/24/05, 10:49 PM

*စာမျက်နှာ ၅ မှ*

အားကစား၊ စာပေနှင့်အနုပညာအဖွဲ့ခွဲ၏ လုပ်ငန်းဆောင်တာများထဲတွင် အားကစားလှုပ်ရှားမှုအမျိုးမျိုး၊ ပြပွဲပြိုင်ပွဲအမျိုးမျိုးနှင့် ဂီတသုခုမသင်တန်းအမျိုးမျိုးတို့ကို ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ယင်းလုပ်ငန်းများကို မိမိတို့နယ်မြေဒေသအခြေအနေပေါ်မူတည်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အားကစားနှင့်ပတ်သက်ပြီး ဒေသတွင်း၌ရှိသည့် ရွက်ပုန်းသီးအားကစားသမား လူတော်လူမော်များကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း အသင်းဝင်များထဲ၌လည်း ထူးချွန်ထက်မြက်သည့် အားကစားသမားများ ထွက်ပေါ်လာနိုင်ရေးအတွက် မိမိတို့အသင်းအဆင့်ဆင့်က သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး အောင်မြင်အောင်ဆောင်ရွက်သင့်ပါကြောင်း။

## ဗဟုသုတ ပိုမိုတိုးပွားစေ

စာပေနှင့်ပတ်သက်၍ အသင်းကြီးအနေဖြင့် စာကြည့်တိုက်များဖွင့်လှစ်ပေးမှု၊ စာအုပ်များလှူဒါန်းမှု၊ ကျပန်းစကားပြောပြိုင်ပွဲများကျင်းပပေးမှုများကို အားတက်သရော ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ အခြေအနေပေးသော အချို့မြို့နယ်များ၌ စာကြည့်တိုက်များ ဖွင့်လှစ်ပေးရာတွင် အီလက်ထရွန်နစ် (e-Library)ဖွင့်လှစ်နိုင်ရေးကိုပါ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ယခုကဲ့သို့ အင်တာနက်ထွန်းကားလာသည့် ခေတ်ကြီးထဲတွင် အသင်းများအနေဖြင့် ဗဟုသုတ ပိုမိုတိုးပွားစေမည်ဖြစ်ကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။

အနုပညာကဏ္ဍအနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို ကြိုးပမ်းရန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်တို့သည် အသင်းဝင်အခြေခံစည်းမျဉ်း၌ ပါဝင်ပြီးဖြစ်ပါကြောင်း၊ ယခုအခါ တိုင်းတစ်ပါးယဉ်ကျေးမှု၊ ဂီတ၊ ဝတ်စားဆင်ယင်မှု၊ အသုံးအဆောင်ပစ္စည်းများသည် ပြည်သူလူထုကြား၌ ထိုးဖောက်စိမ့်ဝင်လာသည်ကို တွေ့ရပါကြောင်း၊ ယင်းသို့ ထိုးဖောက်ဝင်ရောက်လာမှုကို မိမိတို့အသင်းဝင်များအနေဖြင့် တိုင်းရင်းသားအသီးသီး၏ ရိုးရာဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းပြီး ရိုးရာဆင်ယင်ထုံးဖွဲ့မှုပြပွဲများကို သက်ဆိုင်ရာဒေသအလိုက် ပြုလုပ်ပေးရန် လိုအပ်ကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံအတော်များများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို နည်းပညာခေတ်၏ စိန်ခေါ်မှုကြောင့် တိမ်ကောပျောက်ကွယ်မှု မဖြစ်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုလက္ခဏာအမွေအနှစ်များ စောင့်ရှောက်ထိန်းသိမ်းရေးကို အထူးအလေးပေး ဆောင်ရွက်သင့်ပါကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ 'လူမှုရေးနှင့် ယဉ်ကျေးမှုသည် စည်းရုံးရေး၏ သော့ချက်ဖြစ်သည်'ဆိုသည့် အချက်ကို ထာဝစဉ် နှလုံးသွင်းပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဆတက်ထမ်းပိုး ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းကို တင်ပြလိုပါကြောင်း၊ သို့မှသာ ပြည်သူများအကြား အေးချမ်းသာယာပြီး ချမ်းမြေ့ပျော်ရွှင်သည့် ပတ်ဝန်းကျင်ကောင်းများပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ လူအများ၏ စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးရာရောက်သဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို ကြီးမားစွာအကျိုးပြုစေမည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း နှစ်စဉ်လုပ်ငန်းတိုင်း၊ လှုပ်ရှားမှုတိုင်း၏ အားသာချက်၊ အားနည်းချက်များအပေါ် မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး ရှေ့ဆက်သွားရမည့် လုပ်ငန်းများ၌ အမှားနည်းအောင် ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းသည့်လုပ်ငန်းများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မှန်ကန်စွာ သုံးသပ်သည်ဆိုသည့် နေရာ၌လည်း အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များအပြင် မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၏ အစဉ်အလာကောင်းများကို 'စံ'အဖြစ် သတ်မှတ် တိုင်းတာ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရည်မှန်းချက်များ အောင်မြင်ရန် 'စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံး'ဟူသော ဆောင်ပုဒ်အတိုင်း မိမိတို့ အသင်းကြီးအနေဖြင့် မိမိတို့ကျရာတာဝန်များကို မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် တက်ညီလက်ညီ စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တင်ပြရင်းနိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

# အသင်းဝင်နှင့်ပြည်သူများဗဟုသုတကြွယ်ဝစေရန်ကျေးရွာစာကြည့်တိုက်များထူထောင် ပြည်သူများအတွင်းအသိပညာ၊အတတ်ပညာများပြည့်စုံလာအောင်ကြိုးစားဆောင်ရွက်



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)တတိယနေ့တွင် ပညာရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းမိမိမော်က တင်ပြစဉ်။ (သတင်းစဉ်)**

### ပညာရေးကဏ္ဍ

ဆက်လက်၍ ပညာရေးကဏ္ဍနှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းမိမိမော်က တင်ပြရာတွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ပညာရေးရာအဖွဲ့ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းကြောင့် သက်တမ်းအားဖြင့် နှစ်နှစ်နှင့် ဆယ်လကျော်သာရှိပါသေးကြောင်း၊ ယင်းကဲ့သို့ သက်တမ်းအားဖြင့် နုနယ်လှသော်လည်း ကျယ်ပြန့်များပြားသောလုပ်ငန်းများကို ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို အစီရင်ခံစာ၌ ထင်ရှားစွာတွေ့ရှိရပါကြောင်း၊ ပညာရေးရာအဖွဲ့၏ ရည်ရွယ်ချက် (၅)ရပ်သည် အသင်းဝင်များ၏ တိုင်းပြည်၊ လူမျိုးနှင့် အသင်းကြီးအပေါ်ထားရှိမည့် ယုံကြည်ချက်၊ ခံယူချက်များ ခိုင်မာဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူပြု နိုင်သည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် အသင်းကြီးကို နိုင်ငံတော်က အားကိုးရသည့် ကျစ်လျစ်သိပ်သည်း ခိုင်မာသော အမျိုးသားရေးအင်အားစုကြီးအဖြစ် ဖော်ဆောင်နိုင်အောင်လည်း ရည်မှန်းဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ လက်ငင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက်လည်း ရည်မှန်းဖော်ဆောင်လုပ်ဆောင်နေသည်ကို တွေ့ရ၍ ပညာရေးရာအဖွဲ့၏ ရည်ရွယ်ချက်များသည် လက်တွေ့ကျပြီး လိုအပ်မှန်ကန် သည်များဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပညာရေးရာအဖွဲ့၏ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ပြည်နယ်၊ တိုင်းအသင်းအားလုံးတို့က အားသွန်ခွန်စိုက်အောင်မြင်အောင် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို တင်ပြလိုပါကြောင်း။

ယင်းဆောင်ရွက်ချက်များကို ပြန်သုံးသပ်ကြည့်မည်ဆိုလျှင် ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၌ ရွှေနိုင်ငံဂျာနယ်၊ စိမ်းလဲ့ရွှေပြည်ဂျာနယ် စောင်ရေ ၆၀၀၀ စီသည် ဒေသအနေအထားအရဖြစ်စေ၊ အသင်းဝင်အင်အားအရဖြစ်စေ နည်းသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် စောင်ရေကို တိုးမြှင့်ထုတ်ဝေပေးရေးနှင့် မဂ္ဂဇင်းနှင့်စာစောင်များတွင် အသင်းကြီး၏ ရည်ရွယ်ချက်ကို အထောက်အကူပြုစေမည့် ဘာသာပြန်ဆောင်းပါး၊ ဝတ္ထုများထည့်သွင်းရေး၊ နှစ်ပတ်လည်အထိမ်းအမှတ်အထူးထုတ် မဂ္ဂဇင်းထုတ်ဝေရေးတို့ကိုလည်း ဆန္ဒပြုပါကြောင်းကို အကြံပြုတင်ပြလိုပါကြောင်း။

### အကျိုးပြုဇာတ်လမ်းများ

ရုပ်မြင်သံကြား ဇာတ်လမ်းများ၊ တေးသီချင်းများ ရိုက်ကူးလွှင့်ထုတ်ရာတွင် နိုင်ငံတော်၏ ဦးတည်ချက်များ၊ အသင်းကြီး၏ ရည်ရွယ်ချက်များကို ထင်ဟပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နေမှုများ၊ ပြည်သူအကျိုးဆောင်ရွက်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ပြည်သူများ မျက်ဝါးထင်ထင် သိမြင်ခံစားနားလည်သဘောပေါက်သည့် အကျိုးပြုဇာတ်လမ်းများ အခါအားလျော်စွာ ရိုက်ကူးထုတ်လွှင့်ပြသပေးနိုင်ပါရန်ကို အကြံပြုတင်ပြလိုပါကြောင်း။

နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး ပညာရေးရာဌာနက ကွန်ပျူတာ၊ အင်တာနက်များ တပ်ဆင်ပြီး သင်တန်းများဖွင့်လှစ်ဆောင်ရွက်နေခြင်းကြောင့် အားရမိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းအသီးသီး၌လည်း Computer များ၊ Internetများတပ်ဆင်ပေးပြီး ကိုင်တွယ်အသုံးပြုတတ်စေရေး သင်တန်းများဖွင့်လှစ်ပေးနိုင်ပါရန်ကို အကြံပြုတင်ပြအပ်ပါကြောင်း။

### အသိပညာပေးရန်လို

ပညာပေးရေးလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သည့် အချက်တစ်ချက်မှာ စာကြည့်တိုက်လုပ်ငန်းဖြစ်ပါကြောင်း၊ အသင်းဝင်များရော ပြည်သူများပါ ဗဟုသုတကြွယ်ဝကြစေရန် ကျေးရွာအဆင့်အထိ စာကြည့်တိုက်များ ထူထောင်သွားသင့်ပါကြောင်း၊ စာကြည့်တိုက်များသည် အသိပညာ၊ ဗဟုသုတများ တိုးတက်စေမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ အသိပညာပွင့်လင်းရေး၊ အမှားအမှန် ပိုင်းခြားဝေဖန်နိုင်ရေးအတွက် လိုအပ်ပါကြောင်း၊ ပညာပေးရေးလုပ်ငန်းဖြင့် ပြည်သူများ အတွေးအခေါ်မှန်ကန်ယုံကြည်ချက် ခိုင်မာလာပြီး နှလုံးသားခံစားမှုနှင့် မဆုံးဖြတ်ဘဲ ဦးနှောက်ဖြင့် ဆုံးဖြတ်နိုင်အောင် အသိပညာပေးရန် လိုအပ်ပါကြောင်း၊ အမှန်နှင့်အမှားဝေဖန်ပိုင်းခြားပြီး သုံးသပ်ဆုံးဖြတ်နိုင်သည့် အရည်အသွေး မြင့်မားတိုးတက်လာအောင် ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပညာရေးအဖွဲ့၏ ဆောင်ရွက်ချက်များသည် အရေးကြီးလှပါကြောင်း၊ ပြည်သူလူထုအတွင်း လူတန်းစားအလွှာစုံသို့ ထိုးဖောက်တိုးချဲ့စည်းရုံးဆောင်ရွက်သင့်ကြောင်းကို တင်ပြအပ်ပါကြောင်း။

ယခုအချိန်သည် နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အခြေအနေကောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှု အချိန်အခါကောင်းကို ရရှိနေချိန်ဖြစ်ပါကြောင်း၊ အသင်းအဆင့်ဆင့်သည် အသင်းဝင်များအတွင်း ပြည်သူများအတွင်း စွမ်းရည်၊ စွမ်းအားများ၊ အသိပညာ၊ အတတ်ပညာများ ပြည့်စုံလာအောင် ပညာပေးရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ ယင်းလုပ်ငန်းဆောင်ရွက်ချက်များသည် တိုးတက်များပြားလာသည့် အသင်းဝင်များ၏ အရေအတွက်သာမက အရည်အချင်းများပါ တိုးတက်မြင့်မားရေးအတွက် များစွာအထောက်အကူပြု ထိရောက်မှုရှိသည်ကို သတိပြုမိပါကြောင်း။

### လေ့လာအတုယူ

ထို့ကြောင့် ပညာရေးရာအဖွဲ့က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများသည် အသင်းကြီးက ချမှတ်ခဲ့သည့် ရည်မှန်းချက်နှင့်အညီ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပြည်နယ်နှင့်တိုင်းအသင်းအဆင့်ဆင့်ကလည်း လေ့လာအတုယူ ဆောင်ရွက်သင့်ကြောင်းကို အကြံပြုတင်ပြလိုကြောင်းဖြင့် တင်ပြသွားသည်။

> ❒ **ပြည်သူတို့၏ အသိပညာ ပွင့်လင်းရေး၊ အမှားအမှန် ပိုင်းခြားဝေဖန်နိုင်ရေးအတွက် လိုအပ်ပါကြောင်း၊ ပညာပေးရေးလုပ်ငန်းဖြင့် ပြည်သူများ အတွေးအခေါ် မှန်ကန်ယုံကြည်ချက် ခိုင်မာလာပြီး နှလုံးသားခံစားမှုနှင့် မဆုံးဖြတ်ဘဲ ဦးနှောက်ဖြင့် ဆုံးဖြတ်နိုင်အောင် အသိပညာပေးရန်လိုအပ်၊**

# မူဝါဒလမ်းစဉ်အောင်မြင်ရေးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးမျှော်မှန်းချက်ကြီးဖြစ် ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များအားလုံး ယင်းအချက်ကိုအလေးအနက်ခံယူ



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)တတိယနေ့တွင် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ချင်းပြည်နယ် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ဦးနန်ဇမုန်က တင်ပြစဉ်။ (သတင်းစဉ်)**

### အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကဏ္ဍ

ထို့နောက်အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ချင်းပြည်နယ် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနန်ဇမုန်က တင်ပြရာတွင် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ် အောင်မြင်ရေးသည် ယနေ့မိမိတို့ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီး၏ နိုင်ငံရေးမျှော်မှန်းချက်ကြီးဖြစ်သည်ဟု မိမိအနေဖြင့် နိဒါန်းစကားပြောကြားအပ်ပါကြောင်း၊မိမိတို့အစုအဖွဲ့မှပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များအားလုံးကလည်း ယင်းအချက်ကို အလေးအနက်ခံယူကြပါကြောင်း။

### စွမ်းရည်စွမ်းအားရှိ

ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကာလ၏ အခြေအနေကို ကြည့်လျှင် တိကျသည့် နယ်နိမိတ်ရှိကြောင်း၊ တစည်းတလုံးတည်း အတူတကွနေထိုင်လာခဲ့ကြကြောင်း၊ အရှေ့တောင်အာရှ၌ မြန်မာနိုင်ငံသည် အင်အားခိုင်မာပြီး စွမ်းရည်စွမ်းအားရှိသည့် အုပ်ချုပ်ရေးစနစ်နှင့် နှစ်ပေါင်းထောင်ချီရပ်တည်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ အခြေအနေမျိုးတွင် (၁၈)ရာစု၊ (၁၉)ရာစုအတွင်း အနောက်နိုင်ငံများ၌ စက်မှုထွန်းကားလာပြီး အင်အားကြီးမားလာသဖြင့် နယ်ချဲ့စနစ်၊ လက်ဝါးကြီးအုပ်စီးပွားရေးစနစ်များ ဖန်တီး၍လာသောကြောင့် အရှေ့အာရှနိုင်ငံအများစုသည် ကိုလိုနီဘဝကို ရောက်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့သမိုင်းကိုပြောင်းလဲသွားစေခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည်လည်း အရှေ့အာရှနိုင်ငံများနည်းတူ ကိုလိုနီဘဝကို ရောက်ခဲ့ရပါကြောင်း၊ ယင်းဘဝကို ရောက်ခဲ့ရသည့်အတွက် ကိုလိုနီစနစ်ကြောင့် ဖြစ်လာသည့်ပုံရိပ်များကို ပြန်လည်ရှုမြင်သုံးသပ်ကြည့်မည်ဆိုလျှင်-

- တောင်ပေါ်နှင့် မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့ခြင်း၊
- သွေးကွဲအောင် ဖန်တီးရာ၌ ဥပဒေကိုပါ တစ်ဒေသနှင့် တစ်ဒေသ မတူညီအောင်ဖန်တီးခြင်း၊
- ရှိရင်းစွဲနိုင်ငံသားများကို ဖိနှိပ်ပြီး နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားများကို အားပေးခြင်း၊
- နိုင်ငံ၏ ခေနဥစ္စာများကို သွေးစုပ်ခြယ်လှယ်ခြင်း၊
- နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို ထုတ်ယူပြီး ၎င်းတို့နိုင်ငံသို့ တင်ပို့ခြင်း၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

22-11 (06).p65 1 3/24/05, 10:49 PM

*စာမျက်နှာ ၆ မှ*

- ကိုလိုနီအုပ်ချုပ်ရေးသမားများသည် နိုင်ငံ၏ နယ်စပ်ဒေသများ၌ ဘိန်းစိုက်ပျိုးခိုင်းခြင်း၊ ဘိန်းခန်းများ ဘိန်းရှုရန်လိုင်စင်ပါ တရားဝင် ဖွင့်လှစ်ခွင့်ပေးခဲ့ခြင်း၊ ထို့အပြင် သာယာဝတီ နယ်ကိုအခြေခံပြီး ဆရာစံက နယ်ချဲ့အစိုးရကို တော်လှန်ခဲ့သည့်အတွက် နယ်ချဲ့အစိုးရက သာယာဝတီ၌ အထူးဘိန်းခန်းကြီးဖွင့်ပေးခဲ့ခြင်း၊
- ကိုလိုနီစနစ်အားပေးသည့် ပညာရေးစနစ်ကိုသာ ပြဋ္ဌာန်းသင်ကြားစေခဲ့ခြင်း၊ ၎င်းတို့သည် ကိုလိုနီခေတ်၏ ပုံရိပ်များဖြစ်ကြောင်း၊

ယင်းပုံရိပ်များသည် နိုင်ငံလွတ်လပ်ရေးရပြီးနောက် ရာစုနှစ်တစ်ဝက်လောက်အထိ လွှမ်းမိုးနေခဲ့ပါကြောင်း။

## ရင်တွင်ပိုက်ထားခဲ့ရ

နိုင်ငံအတွင်း၌ အဓိကအားဖြင့် စည်းလုံးညီညွတ်မှုအင်အားလျော့နည်း၍ အထင်မှား၊ အမြင်မှားများဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများအထိ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ယင်း၏ နောက်ဆက်တွဲသည် အေးချမ်းတည်ငြိမ်မှုမရှိ၊ စည်းလုံးညီညွတ်မှုလျော့နည်းပြီး ပြည်သူများနှင့် နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးမှုမရှိဆိုသည့် ဆိုးမွေများကို အနှစ်(၅၀)တိုင် ရင်တွင်ပိုက်ထားခဲ့ရသည့် ဘဝဖြစ်ခဲ့ရပါကြောင်း။

## ပထမဆုံးဦးစားပေး

ယနေ့ နိုင်ငံတော်အစိုးရသည် အေးချမ်းတည်ငြိမ်ရေးကို ပထမဦးစားပေးဆောင်ရွက်ခဲ့သည်မှာ မိမိတို့အသိ ဖြစ်ပါကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သဘောတူညီမှုရရှိအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တည်ငြိမ်မှုကို ထူထောင်ခဲ့ကြောင်း၊ တည်ငြိမ်မှုရရှိလာသည့်အခါ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသများကို ပထမဆုံးဦးစားပေးပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး နိုင်ငံတော်အကြီးအကဲ၊ အသင်းနာယက ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ခေါင်းဆောင် ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ ယနေ့ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ကြည့်ရင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်မှုရှိလာသည့်အခါ ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ဆက်လက်ပြီး အကောင်အထည်ဖော်လာခဲ့ပါကြောင်း။

## ပြည်ထွန်းကားရေး ဦးတည်

ယနေ့ ဖွံ့ဖြိုးရေးမှုသည် ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးရေးမူပင် ဖြစ်ပါကြောင်း၊ ဒေသအားလုံးဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကို အားပေးကြောင်း၊ စိုက်ပျိုးရေရရှိရေးအစီအမံများဆောင်ရွက်ပေးကြောင်း၊ ယနေ့အထိ အသစ်တိုးတက်လာသည့် ဆည်တမံပေါင်း (၁၆၇)ခုရှိလာပြီး မြစ်ရေတင် စီမံကိန်းပေါင်း (၂၆၅) ခုရှိလာကာ စိုက်ပျိုးရေးစွမ်းအားဖြင့် ပြည်ထွန်းကားရေး ဦးတည်နေပြီဖြစ်ပါကြောင်း။

ဒေသအားလုံး ဖွံ့ဖြိုးရေးအတွက် လမ်းသစ်များဖောက်ကြောင်း၊ တံတားသစ်များ တည်ဆောက်ခဲ့ကြောင်း၊ ယခုကာလတွင် လမ်းမိုင် ၃၄၇၂၆ မိုင် တိုးချဲ့နိုင်ခဲ့ကြောင်း၊ ပေ ၁၈၀အထက် တံတားကြီးပေါင်း ၁၈၈စင်း တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ရထားလမ်းမိုင်သစ် ၁၁၄၈ တိုးချဲ့ ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် လျင်မြန်သည့်ခေတ်ကို ရောက်ရှိရန်အတွက် လေယာဉ်ပျံကွင်းသစ်များကို တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း၊ လေဆိပ်အသစ်(၁၀)ခု တိုးချဲ့ခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ချက်များသည် ပို့ဆောင်ရေးစွမ်းအား ပြည်သူ့စီးပွားဟု ဆိုရမည်ဖြစ်ကြောင်း။

## ဆက်သွယ်စွမ်းအားပြည်သူ့အား

တယ်လီကွန်မြူနီကေးရှင်းတွင်လည်း တစ်နိုင်ငံလုံးအဆပေါင်းများစွာ တိုးချဲ့တပ်ဆင်ခဲ့သည့်အပြင် ကမ္ဘာ့နောက်ဆုံးပေါ်နည်းပညာများကိုပါ ရယူနေပြီဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးဆက်သွယ်ရေးတိုးတက်လာကြောင်း၊ တစ်နိုင်ငံလုံး ကွန်ရက်သဖွယ် ဆက်သွယ်လာနိုင်ပြီဖြစ်ကြောင်း၊ ဆက်သွယ်ရေးစွမ်းအား ပြည်သူ့အားဟုဆိုရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်ပြည်သူတို့၏ စီးပွားရေးတိုးတက်မှု၊ လူနေမှုအဆင့်မြင့်မားမှုတို့အတွက် လျှပ်စစ်စွမ်းအားလိုအပ်ပါကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရသည် ၁၀ နှစ်ကျော်အတွင်း လျှပ်စစ်မဂ္ဂါဝပ်(၇၆၇)တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး မုန်းရေအားလျှပ်စစ်၊ ရဲနွယ်၊ ရဲရွာစသည့် လျှပ်စစ်စီမံကိန်းကြီးများက ဆက်လက်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဖြင့် စက်မှုနိုင်ငံတည်ဆောက်အံ့ဟုဆိုရမည်။ သို့မှလည်း စက်မှုထွန်းကားခေတ်ကျော်လွှားနိုင်ပါမည်။ အလားတူ သဘာဝဓာတ်ငွေ့ရရှိရေး၌လည်း အစွမ်းကုန်တိုးချဲ့ရှာဖွေထုတ်လုပ်နေပြီဖြစ်ပါကြောင်း။

> ❐ **အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသက်ဟူသော အကြောင်းကိုပင် မထောက်ဘဲ မိမိတို့အားလုံး ရဲရဲရင့်ရင့် ကာကွယ်တည်ဆောက်ကြ။**

## ပါဝင်တည်ဆောက်ခဲ့

ယင်းတို့မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်တချို့ဖြစ်ပါကြောင်း၊ ယင်းတို့ကို ပြည်တွင်းအင်အားဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းကြီးများကို ပါဝင်တည်ဆောက်ခဲ့သည့် ပညာရှင်ကြီးများကိုလည်း ဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း။

## လူတိုင်းအတွက်ပညာရေး

အထက်၌ တင်ပြခဲ့သည့် နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးစေရန်သာမက နိုင်ငံ၏လူမှုရေးကဏ္ဍဖွံ့ဖြိုးရေးကိုလည်း ဦးတည်ချက်များနှင့်အညီ တည်ဆောက်ခဲ့ပါကြောင်း၊ ပညာရေး၌ လူတိုင်းအတွက်ပညာရေးကို ဖော်ဆောင်ခဲ့ကြောင်း၊ ယနေ့ စာတတ်မြောက်မှု (၉၃)ရာခိုင်နှုန်းကျော်နေပြီဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေးဆောင်ရွက်သည့်နေရာတွင် ယခုနှစ် ၉၆ ဒသမ ၉ ရာခိုင်နှုန်းကျောင်းတက်နေကြပြီဖြစ်ပါကြောင်း၊ အခြေခံကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကို တစ်နိုင်ငံလုံးဖြန့်ကြက် ဖွင့်လှစ်ခဲ့သဖြင့် ဤကာလတွင် ကျောင်းနေနှုန်း အလွန်သိသာစွာ တိုးတက်လာပါကြောင်း၊ ပြည်သူတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ့ပညာရေးစနစ်ပေါ်ထွန်းနေပါကြောင်း၊ နိုင်ငံတော်ကလိုအပ်သည့် အဆင့်မြင့်လူ့စွမ်းအား အရင်းအမြစ်ကြီးပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း၊ ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်တော့မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍကို သုံးသပ်လျှင် ရောဂါကြိုတင်ကာကွယ်ရေးစီမံကိန်းများတွင် ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်နေကြကြောင်း၊ ရလဒ်မှာ ပိုလီယိုကင်းစင် မြန်ပြည်တစ်ခွင်ဟု ပြောရပြီဖြစ်ကြောင်း၊ အနာကြီးရောဂါပပျောက်ကာ အဆုပ်ရောဂါနှင့် ငှက်ဖျားများကို ပြည်သူအားဖြင့် တိုက်ဖျက်နေပါကြောင်း၊

ဤခေတ်တွင် ဆေးရုံပေါင်း ၁၂၈ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုတွင် ဆေးရုံအဆင့်များ တိုးမြှင့်ခဲ့ကြောင်း၊ ဆေးရုံကြီးများ၌ ခေတ်မီစက်ကိရိယာများတပ်ဆင်နိုင်ခဲ့ကြောင်း၊ ခက်ခဲသည့်ခွဲစိတ်ကုသမှုများကိုပါ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ **ကျန်းမာကြံ့ခိုင်မြန်မာ့မဏ္ဍိုင်** ဟု ဆိုရမည်ဖြစ်ကြောင်း။

## လမ်းညွှန်ချမှတ်

ယနေ့ကာလကို မိမိတို့ ခြုံငုံပြီးဆွေးနွေးလိုပါကြောင်း၊ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အင်အားခိုင်မာတောင့်တင်းရေး၊ ဒီမိုကရေစီလူ့ဘောင်ဖွံ့ဖြိုးပေါ်ပေါက်ရေး၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အချိန်ကာလဟု သုံးသပ်ရပါကြောင်း။

ယင်းကဲ့သို့ အခြေအနေတွင် နိုင်ငံတော်သည် နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၊ အသင်းနာယကဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဦးဆောင်ချမှတ်ပေးသည့် လမ်းညွှန် ချမှတ်ချက်များဖြစ်ပါကြောင်း။

## ဖြောင့်ဖြောင့်မှန်မှန်ချီတက်

မိမိတို့တွင် မူဝါဒလမ်းစဉ်(၇)ရပ်ရှိနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ရှေ့ခရီးသာယာဖြောင့်ဖြူးရန်ကြိုးစားကြရပါမည်။ ယင်းဒီမိုကရေစီခရီးစဉ်လမ်းကြောင်းအတိုင်း ဖြောင့်ဖြောင့်မှန်မှန် ချီတက်သွားကြရပါမည်။

မြန်မာစကား၌ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုပ်ထိုး၊ ဤသုံးချက် မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုးဟု ဆိုပါကြောင်း၊ ရှေ့ခရီးစဉ်ချောမွေ့စေရပါမည်။

ယခုပထမဆုံး လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူထုလူတန်းစားအလွှာများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ကြပါကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ပါဝင်နေကြသည့် ညီလာခံကိုယ်စားလှယ်များကိုလည်း ဤနေရာက ဂုဏ်ပြုလိုက်ပါကြောင်း။

ဒီမိုကရေစီလူ့ဘောင်နှင့် ဒီမိုကရေစီနိုင်ငံတော်တွင် လိုအပ်သည့် အရင်းအနှီးသည်-

(၁) အေးချမ်းတည်ငြိမ်ခြင်း၊

(၂) နိုင်ငံတော်နှင့် ပြည်သူများ စီးပွားရေးခိုင်မာတောင့်တင်းခြင်း၊

(၃) အမျိုးသားပညာရည် မြင့်မားခြင်းတို့ဖြစ်ပါကြောင်း။

ယင်းကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ တာဝန်ယူလျက်ရှိသည့် ကာလတစ်လျှောက်တွင် ယင်းအချက်(၃)ချက်စလုံး ရရှိအောင် ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်အဝဖြင့် ဆောင်ရွက်ခဲ့သည်ဟု မိမိတို့ အခိုင်အမာယုံကြည်ပါကြောင်း။

စည်းလုံးညီညွတ်မှုအားဖြင့် ရှေ့ခရီးကို ချီတက်ရပါမည်။ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် (၂၁)ရာစုအကြို ပုဂံလူထုအစည်းအဝေးကြီး၊ ပင်လုံဒေသဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲ၊ ၂၀၀၃ခုနှစ်အတွင်း ကျင်းပခဲ့သည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ ပုဂံလူထုအစည်းအဝေးကြီးများ၌ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးကို ဦးတည်ချမှတ်ခဲ့ပါကြောင်း။

## လမ်းပြမြေပုံ(၇)ရပ်

မိမိတို့သည် တည်ဆောက်ရေးသမားများဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုများကို ရှေးရှုပါကြောင်း၊ ပူးပေါင်းပါဝင်ပါကြောင်း၊ ပူးပေါင်းတည်ဆောက်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် အခြားလူမှုရေးအသင်းအဖွဲ့များအပါအဝင် ပြည်သူတစ်ရပ်လုံးစည်းလုံးညီညွတ်မှုဖြင့် လမ်းပြမြေပုံ(၇)ရပ်ကို ဖော်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါကြောင်း၊ အသီးကောင်းတို့သည် အပင်ကောင်းမှသာ ရရှိနိုင်ပါကြောင်း၊ ယနေ့ အင်အားကြီးမားသည့် ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံကြီးများ၌လည်း အမိမြေကာကွယ်ရေးဆိုပြီး တည်ငြိမ်အေးချမ်းအောင် အပူတပြင်း လုပ်နေကြသည်ကို တွေ့ရကြောင်း၊ မိမိအကျိုးစီးပွားကာကွယ်ရေး မူဝါဒများကို ကိုင်စွဲနေကြကြောင်း၊ မိမိပြောလိုသည်မှာ အမိမြေကာကွယ်ရေးကိုလည်းလုပ်ပါ၊ သို့ရာတွင် အခြားဖွံ့ဖြိုးဆဲ နိုင်ငံများ၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကိုလည်း တန်ဖိုးထားစေခြင်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ပြည်သူများ၏ စီးပွားရေးဘဝနှင့် လုံခြုံမှုကိုလည်း တန်ဖိုးထားကြပါဟု တိုက်တွန်းလိုက်ပါကြောင်း။

မိမိတို့နိုင်ငံတော်၌ အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက်-

- ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးကြပါစို့၊
- ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်အောင်ထိန်းသိမ်းကြပါစို့၊
- ဘယ်သူခြောက်ခြောက် ဒို့မကြောက်ဘဲ နိုင်ငံကိုတည်ဆောက်ကြပါစို့၊
- အမိပြည်ထောင်စုနှင့် နိုင်ငံသားတို့ကို မိမိတို့ဘဝဟု ခံယူကြပါစို့၊
- မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ထားသည့် အမျိုးသားရေးလက္ခဏာကို ကာကွယ်ထိန်းသိမ်းကြပါစို့ဟု နှိုးဆော်လိုက်ပါကြောင်း။

အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက်အသက်ဟူသောအကြောင်းကိုပင် မထောက်ဘဲ မိမိတို့အားလုံး ရဲရဲရင့်ရင့် ကာကွယ်တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် တင်ပြသွားသည်။

# နိုင်ငံတော်ပန်းတိုင်သည် မြန်မာ့သမိုင်းဖြစ်စဉ်အပေါ် အခြေခံချမှတ်ထား ပန်းတိုင်သို့ရောက်ရှိရန် တည်ငြိမ်အေးချမ်းရန်နှင့် စည်းလုံးညီညွတ်ရန်လိုအပ်



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)တတိယနေ့တွင် မျိုးဆက်သစ် လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးသောင်းက တင်ပြစဉ်။**
(သတင်းစဉ်)

## မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍ

ဆက်လက်၍ မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးသောင်းက တင်ပြရာတွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)“မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မာရေး” ကဏ္ဍ နှီးနှောဖလှယ်ပွဲ အစုအဖွဲ့ အမှတ်(၇)တွင် ဗဟိုအလုပ်အမှုဆောင်များ ဦးဆောင်သည့် ပြည်နယ်နှင့်တိုင်းအသီးသီးက ကိုယ်စားလှယ်များသည် လူငယ်ရေးရာကဏ္ဍနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးခဲ့ကြပါကြောင်း၊ လူငယ်ဘဝ၏ အဓိပ္ပာယ်သည် မည်သို့နည်း၊ ယနေ့လူငယ်များ၏ အခြေအနေသည် မည်သို့ ရှိသနည်း၊ မြန်မာမျိုးဆက်သစ်လူငယ်များအပေါ် မည်ကဲ့သို့ သဘောထားသနည်း၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် လူငယ်များ မည်သို့သော အခန်းကဏ္ဍက ပါဝင်ကြမည်လည်းဆိုသည်ကို အပြန်ပြန် အလှန်လှန် အဖြေရှာခဲ့ကြပါကြောင်း။

## ပြုစုပျိုးထောင်ပေး

လူငယ်ဆိုသည် အမှန်တရားကို လိုလားမြတ်နိုးပါကြောင်း၊ ဖျတ်လတ် တက်ကြွပြီး စူးစမ်းလေ့လာလိုပါကြောင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိပြီး ပတ်ဝန်းကျင်၏ စွဲဆောင်မှုနောက်ကို လိုက်ပါသွားလေ့ရှိပါကြောင်း၊ ပင်ကိုအရည်အသွေး ကောင်းမွန်သည့် လူငယ်များကို နောက်လိုက်ကောင်း စိတ်ဓာတ်နှင့် ခေါင်းဆောင် ကောင်းတစ်ယောက်၏ အရည်အချင်းကိုသာ လေ့ကျင့်သင်ကြား ပြုစုပျိုးထောင် ပေးလိုက်မည်ဆိုလျှင် အနာဂတ်နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းများ ရင့်ကျက်သော ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာမည် ဖြစ်ကြောင်း။

ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်း၊ ရွှေလီ၊ ဒုဋ္ဌဝတီဆိုသည့် မြစ်ကြီးများစီးဆင်းရစ်ခွေနေသော အမိမြေ၊ သဘာဝသယံဇာတ ပေါကြွယ်ဝလှသော အမိမြေ၊ ရိုးသားဖြူစင် ဖော်ရွေချစ်ခင်အေးချမ်းသောစရိုက် ဖုံးလွှမ်းသည့် အမိမြေရင်ခွင်ထက်တွင် မိမိတို့လူငယ်များ မွေးဖွားလာခဲ့ကြပါကြောင်း၊ ဇာတိသွေး၊ ဇာတိမာန် ထက်သန်သည့် ဘိုးဘွား၊မိဘများ၏ အရိပ်အောက်တွင် မိမိတို့တစ်တွေ လူလားမြောက်လာခဲ့ကြပါကြောင်း၊ နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုကြောင့် စည်းလုံးညီညွတ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းနေသည့် အချိန်အခါကောင်း၊ အခွင့်အလမ်းကောင်းများဖြင့် ဆုံစည်းတွေ့ကြုံနေရပါကြောင်း။ ***စာမျက်နှာ ကော်လံ ၁***



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)တတိယနေ့ မွန်းလွဲပိုင်းတွင် သဘာပတိအဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးသိန်းဇော်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးစိုးသာနှင့် ဦးမောင်ပါတို့က ဆောင်ရွက်ကြစဉ်။**

(သတင်းစဉ်)

*စာမျက်နှာ ၇ မှ*

## ရှေ့တန်းကျကျ ပါဝင်ခွင့်ရ

ထိုတွင်မက မျိုးဆက်သစ်လူငယ်များကို နိုင်ငံ့သားကောင်း၊ သမီးမွန်များ ဖြစ်လာအောင် အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်လာအောင် စုစည်း လေ့ကျင့်ပျိုးထောင်ပေးနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် လူငယ်များအဖြစ် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် ရှေ့တန်းကျကျ ပါဝင်ခွင့်ရခြင်းသည် တန်ဖိုးမဖြတ်နိုင်လောက်သော လူငယ်ဘဝ၏ အနှစ်သာရဟု ဆိုနိုင်ပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ပန်းတိုင်သည် မြန်မာ့သမိုင်းဖြစ်စဉ်အပေါ်အခြေခံပြီး ချမှတ် ထားသည့် ပန်းတိုင်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ယင်းပန်းတိုင်ကို ရောက်ရှိနိုင်ရန် တည်ငြိမ်အေးချမ်းရန်နှင့် စည်းလုံးညီညွတ်ရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေးပြေလည်ရန်၊ စီးပွားရေးတိုးတက်ရန်လိုအပ်ပါကြောင်း၊ တွေးခေါ်မြော်မြင်နိုင်သည့် ပညာအရည်အချင်းရှိရန် လိုအပ်ပါကြောင်း။

## နှလုံးသည်းပွတ်နေရာ၌ရှိ

နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားနှင့် ယင်းသို့သော လိုအပ်ချက်များကို ဖန်တီးဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဖန်တီးနိုင်သည့် စွမ်းအားရှင်မျိုးဆက်သစ်လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်ပါကြောင်း၊ အနာဂတ်မြန်မာ့နိုင်ငံရေးဖြစ်စဉ်၏ ဗဟိုချက်မ နှလုံးသည်းပွတ်နေရာ၌ ရှိနေသည်ဟုလည်း လူငယ်အားလုံး၏ ကိုယ်စား ဂုဏ်ယူဝင့်ကြွားစွာ တင်ပြလိုက်ပါကြောင်း။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) တတိယနေ့နံနက်ပိုင်းတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းဟန်စိန်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်ရွယ်က ဆောင်ရွက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော်အစိုးရက အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသကစ နယ်စပ်ဒေသပါမကျန် ပညာသင်ယူခွင့် အခွင့်အလမ်းများကို နေရာတိုင်းဖန်တီး ပေးထားပါကြောင်း၊ အဆင့်မြင့်ပညာများကို လက်လှမ်းတမီ ဆည်းပူးနိုင်ရန် အတွက်လည်း တက္ကသိုလ်၊ ကောလိပ်များကို ပြည်ထောင်စုအဝန်းဖွင့်လှစ်ပေး ထားပြီဖြစ်ကြောင်း။

## အဖိုးအနဂ္ဃထိုက်တန်

လူငယ်များကိုယ်တိုင် လိုလိုလားလား၊ ကြိုးကြိုးစားစား လေ့လာ သင်ယူရန်ပင် လိုအပ်ပါကြောင်း၊ ပင်ကိုအရည်အသွေးရှိသည့် မြန်မာ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော အသိပညာ၊ အတတ်ပညာများကို ထူးချွန်ပြောင်မြောက်အောင် လေ့လာရန်ပင် လိုအပ်ပါကြောင်း၊ "သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်ပွင့်"ဆိုသကဲ့သို့ ကမ္ဘာ့အဆင့်မီ ထူးချွန်ပြောင်မြောက်သော လူငယ်များပေါ်ထွန်းလာလျှင် နိုင်ငံအတွက် အဖိုးအနဂ္ဃထိုက်တန်လှပါကြောင်း၊ သိသာ၊ မြင်သာသည့် ဥပမာတင်ပြရလျှင် ကွန်ပျူတာပညာကို ဆည်းပူးရာတွင် ဆော့ဖ်ဝဲလ်ဖန်တီး နိုင်သည့် အဆင့်အထိ တတ်မြောက်ရန်လိုပါကြောင်း၊ အိန္ဒိယနိုင်ငံက လူငယ် ကွန်ပျူတာပညာရှင်များ မွေးထုတ်နိုင်ခဲ့သည့်အတွက် အမေရိကန်ကတောင် ပြန်ပြီးအားကိုးနေရပါကြောင်း၊ စင်ကာပူနိုင်ငံက လူငယ်စီးပွားရေးပညာရှင် များ၏ စွမ်းရည်ဖြင့် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ဝင်ဆံ့နေပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း လူငယ်ပညာရှင်များ၏ စွမ်းရည်ဖြင့် ခေတ်မီတိုးတက်သောနိုင်ငံကြီးကို တည်ဆောက်နေပါကြောင်း။

မြန်မာမျိုးဆက်သစ်လူငယ်များကို ကိုယ်ရည်ကိုယ်သွေးကောင်းသည့် လူငယ်များဖြစ်လာအောင် ကိုယ်ကျင့်တရား၊ အကျင့်၊ သိက္ခာ၊ သီလကောင်းပြီး အများအပေါ်ကောင်းအောင် ပျိုးထောင်လေ့ကျင့်ပေးနေသော ထိုမှတစ်ဆင့် နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်စွန့်စားသည့် နိုင်ငံ့သားကောင်း များဖြစ်လာအောင် ပျိုးထောင်လေ့ကျင့်ပေးနေသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် လူငယ်များစွမ်းရည်မြင့်မားရေးအတွက် သင်တန်း ပေါင်းစုံ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပါကြောင်း၊ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင်သင်တန်း၊ ဘာသာစကားသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ အားကစားသင်တန်း၊ အနုပညာသင်တန်း၊ သက်မွေးဝမ်းကျောင်းသင်တန်း၊ အမျိုးသားယဉ်ကျေးနှင့်စာရိတ္တပညာသင်တန်းဆိုသည့် သင်တန်းများကို တစ်နိုင်ငံလုံး၌ အကြိမ်ပေါင်း ၁၈၀၀၀ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း ၂၈သိန်း ကျော်ကို လေ့ကျင့်ပျိုးထောင်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်ဆိုလျှင်လည်း မမှားပါကြောင်း။

> ❒ **လူငယ်များသည် ဒို့တာဝန် အရေးသုံးပါးကို လက်ဆင့်ကမ်း ထမ်းရွက်မည့်သူများဖြစ်ပါကြောင်း။ လူငယ်တိုင်း၏ အမျိုးသားရေးအမြင်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဘဝအရည်အချင်းများသည် အမိနိုင်ငံတော်ကို ကာကွယ်ရေးနှင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် စွမ်းရည်စွမ်းအားများဖြစ်။**

## အလုပ်ဖြင့်သက်သေပြနေ

ထိုတွေမကသေးပါကြောင်း၊ မိမိတို့အသင်းဝင် လူငယ်များသည် ပြည်သူများ ယုံကြည်အားထားရသည့် လူငယ်များ၊ ပြည်သူများနှင့် တစ်သားတည်း၊ တစ်ဆက်တည်းဖြစ်နေသော လူငယ်များ ပြည်သူ့အကျိုး သယ်ပိုးနေသော လူငယ်များဆိုသည်ကို အပြောမဟုတ် အလုပ်ဖြင့်သက်သေပြနေကြပါကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများကို မရွံ့မရှာဆယ်ယူနေသည်မှာ မိမိတို့လူငယ်များပါ၊ မြို့ရွာတစ်ခွင်သာစေခြင်း၊ သစ်ပင်ပန်းမန်စိုက်ပျိုးသည့်နေရာတွင် မမောမပန်း ရွှင်လန်းစွာ ပါဝင်နေသည်မှာ မိမိတို့လူငယ်များပါ၊ သာရေးနာရေး လက်မနှေးဘဲ အလေးထား ကူညီနေသည်မှာ ဘာသာရေးပွဲတော်များတွင် ဝေယျာဝစ္စ အလုပ်များ လုပ်နေသည်မှာ မိမိတို့လူငယ်များပါ။ သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးတွင် စွန့်စွန့်စားစား ပါဝင်နေသည်မှာ မိမိတို့ လူငယ်များပါ၊ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်မီးလင်းရေး လုပ်ငန်းများတွင် အတက်ကြွဆုံး လှုပ်ရှားနေသည်မှာလဲ မိမိတို့ လူငယ်များပါ၊ အမျိုးသားရေးအန္တရာယ်မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ တားဆီးကာကွယ်ရေး လုပ်ငန်းများကို တာဝန်သိသိ၊ စေတနာရှိရှိ လုပ်ဆောင်နေသည်မှာလဲ မိမိတို့လူငယ်များပင်ဖြစ်ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အသင်းဝင်များဖြစ်ကြသည့် မိမိတို့လူငယ်များသည် နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးသည့်လုပ်ငန်း၊ ပြည်သူနှင့်ဒေသ တိုးတက်ရေးအတွက် ထမ်းရွက်သည့်လုပ်ငန်း၊ အသင်းကြီး၏



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တတိယနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက စည်း ရုံး ရေး ကဏ္ဍ နှီး နှော ဖလှယ် ပွဲ မှ တွေ့ရှိချက် များကို ပြန်လည် ရှင်းလင်း တင်ပြစဉ်။**

(သတင်းစဉ်)

လုပ်ငန်းမှန်သမျှ အသင်းဝင် သက်ကြီး၊ ဝါကြီး၊ အစ်ကိုကြီး၊ အစ်မကြီးများ၏ ခေါင်းဆောင်မှုနောက် နောက်ကျမကျန်စတမ်း၊ မခိုတမ်း၊ မကပ်တမ်း ကြိုးပမ်းထမ်းဆောင်နေကြပါကြောင်းနှင့် ရှေ့ဆက်ပြီးလည်း မမောမပန်း စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းကို လူငယ်ထုအပေါင်း၏ ကိုယ်စားတင်ပြလိုက်ပါကြောင်း။

## စံတင်ရှုမြင်ဂုဏ်ယူ

လူငယ်များသည် ဒို့တာဝန်အရေးသုံးပါးကို လက်ဆင့်ကမ်း ထမ်းရွက်မည့်သူများဖြစ်ပါကြောင်း၊ လူငယ်တိုင်း၏ အမျိုးသားရေးအမြင်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဘဝအရည်အချင်းများသည် အမိနိုင်ငံတော်ကို ကာကွယ်ရေးနှင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် စွမ်းရည်စွမ်းအား များဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွင်း၌ရှိသည့် လူငယ် ၂၃သန်းခန့်၏ ဘဝဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ပေးကြရပါကြောင်း၊ ကျောင်းသား လူငယ်၊ တောင်သူလယ်သမားလူငယ်၊ အလုပ်သမား လူငယ်၊ စီးပွားရေးလုပ်ငန်းရှင်လူငယ်ဆိုသည့် လူငယ်အလွှာအသီးသီးကို



**မွန်းလွဲပိုင်းအခမ်းအနားမှူး**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) တတိယနေ့ မွန်းလွဲပိုင်းတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းစုစုနွယ်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်က ဆောင်ရွက်စဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၂၂-၁၁-၂၀၀၄**
**(တနင်္လာနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ အရေးပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading.
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၀ ၈။ လဂွမ်းပြင်ရေလှောင်တမံ
၁၇း၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇း၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၀ ၁၁။ Discovery.
၁၈း၁၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၄၃)
၁၈း၃၀ ၁၃။ ညနေခင်းသတင်း
၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၅။ တေးဂီတအစီအစဉ်
၁၉း၁၅ ၁၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၂၅ ၁၇။ တေးဂီတအစီအစဉ်
၁၈။ မြန်ပြည်တစ်လွှား ဂန္ထဝင်စံထား သံလွင်တံတား(မော်လမြိုင်)
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) တတိယနေ့ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ ကဏ္ဍ(၇)ရပ်အစုအဖွဲ့များမှ တွေ့ရှိချက်များတင်ပြခြင်း
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၁၄)
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

22-11 (08).p65 1 3/24/05, 10:49 PM

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) နီးနှောဖလှယ်ပွဲမှတွေ့ရှိချက်များ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ရှင်းလင်းတင်ပြ

ဖြန့်ကြက်စည်းရုံးရမည်ဖြစ်ကြောင်း၊ အမျိုးသားလူငယ်များသာမက အမျိုးသမီးလူငယ်များကိုလည်း စည်းရုံးရမည်ဖြစ်ကြောင်း၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုထိန်းသိမ်းခြင်း၏ သင်္ကေတ မြင့်မြတ်သည့်သမီးပျိုဘဝ၊ အဆင့်မြင့်ပညာဆည်းပူးနေသည့် ကျောင်းသူဘဝ၊ အောင်မြင်သော အိမ်ထောင်ရှင်မဘဝ၊ အမျိုးသားများနှင့် ရင်ပေါင်တန်း အလုပ်လုပ်နိုင်သည့်ဘဝ၊ ကျေးဇူးရှင် မိခင်ဘဝရယ်ဟု စံတင်ရှုမြင် ဂုဏ်ယူနိုင်အောင် မြန်မာအမျိုးသမီး လူငယ်များကို ဦးစားပေး တန်ဖိုးထား လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

**ရင်းနှီးမှုရယူ**

လူငယ်များကို စည်းရုံးသည့်နေရာတွင်လည်း အကွက်စေ့စေ့ စည်းရုံးကြရမည်ဖြစ်ကြောင်း၊ မိမိတို့ အသင်းကြီး၏ ရည်ရွယ်ချက်၊ သဘောတရား၊ လုပ်ငန်းစဉ်များကို လူငယ်များသိရှိအောင်၊ နားလည်လက်ခံလာအောင် စိတ်ရှည် လက်ရှည်ဖြင့် ဆွေးနွေးစည်းရုံးကြရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ လိုအပ် ချက်ကို မျှဝေခံစားပြီး တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊

လက်တန်း ထမလုပ်ဘဲ စနစ်တကျ ပြက္ခဒိန်နှစ်၊ လအလိုက်၊ ပြည်နယ်နှင့်တိုင်းအလိုက် နယ်မြေဒေသအလိုက်၊ စီမံချက်များ၊ လုပ်ငန်းစဉ်များစနစ်တကျ ရေးဆွဲပြီး မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာမျိုးဆက်သစ်လူငယ်များသည် အနာဂတ်မြန်မာနိုင်ငံတော်၏ အားထားရသော အဖိုးမဖြတ်နိုင်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာအောင် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

**ပခုံးပြောင်းတာဝန်ယူ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များသည် အသင်းကြီး၏မွန်မြတ်သော ယုံကြည်ချက်လုပ်ငန်းစဉ်များကို ပခုံးပြောင်းတာဝန်ယူနိုင်မည့် လက်ရွေးစင်နိုင်ငံသားကောင်းများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်ကြောင်း။

အမိမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး မူဝါဒလမ်းစဉ်(၇)ရပ်

အသင်း အတွင်းရေးမှူး ဦးသိန်းဇော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးစိုးသာနှင့် ဦးမောင်ပါတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းစုစုနွယ်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

**ပြန်လည်ရှင်းလင်းတင်ပြ**

အစီအစဉ်အရ နီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြရာတွင် စည်းရုံးရေးကဏ္ဍ နီးနှောဖလှယ်ပွဲမှတွေ့ရှိချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းကလည်းကောင်း၊ စီမံရေးကဏ္ဍ နီးနှောဖလှယ်ပွဲမှတွေ့ရှိချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) တတိယနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက စီးပွားရေးကဏ္ဍ နီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ပြန်လည် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) တတိယနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက ပညာရေး ကဏ္ဍနီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ပြန်လည် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) တတိယနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်ထွတ်က လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ နီးနှောဖလှယ်ပွဲမှ တွေ့ရှိချက် များကို ပြန်လည်ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) တတိယနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းဆွေက စီမံရေး ကဏ္ဍ နီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ပြန်လည် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

အမှုဆောင်များနှင့် အသင်းဝင်များက ကိုယ်ကျင့်သိက္ခာ အရာတွင် စံပြအဖြစ် ပြုမူပြောဆိုနေထိုင်ကြရမည် ဖြစ်ကြောင်း ပုဂ္ဂိုလ်ရေးရင်းနှီးမှုကို နည်းမျိုးစုံဖြင့် ရယူကြရမည် ဖြစ်ကြောင်း။

သဘောတရားသာမက လက်တွေ့လုပ်ငန်းများဖြစ်သည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုပါ လက်တွေ့လုပ်ပြပြီး စည်းရုံးရမည်ဖြစ်ကြောင်း၊ လူငယ်အများစု ဝါသနာပါရာ အားကစားနှင့်လည်း စည်းရုံးရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ဘောလုံးပွဲများက မော်ဝင်သည့် ကစားကွက်များကို ရင်သပ်ရှုမောနေသည့် မြန်မာလူငယ်များသည် ယူ၁၈ အာဆီယံဖလားတွင် မြန်မာလူငယ်အသင်းက နိုင်လိုက်သည့်အခါ အာဆီယံအလွတ်တန်း ဘောလုံးပြိုင်ပွဲ၌ မြန်မာအမျိုးသမီးအသင်းက ဗိုလ်စွဲလိုက်သည့်အခါတွင် မိုးထက်ယံတွင် ခြိမ့်ခြိမ့်ညံသွားအောင် ဇာတိသွေး၊ ဇာတိမာန်များ ထက်သန်ခဲ့ကြရပါကြောင်း၊ ယင်းကဲ့သို့ လူငယ်အများစု စိတ်ပါဝင်စားသည့် စာပေ၊ ဂီတ၊ အနုပညာများနှင့် သိမ်းသွင်းရမည်ဖြစ်ကြောင်း။

**ပြည်သူ့ဆန္ဒလေ့လာ**

စည်းရုံးပြီးသည့် အရေအတွက်ကို အရည်အချင်းဖြစ်လာရန် ကျစ်လျစ်ခိုင်မာလာအောင်လည်း လုပ်ရမည်ဖြစ်ကြောင်း၊ စွမ်းရည်လေးရပ် တိုးတက်လာအောင် လေ့ကျင့်ပညာပေးရမည်ဖြစ်သကဲ့သို့ မိသားစုစိတ်ဓာတ်၊ အသင်းစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ထွန်းကားပြန့်ပွားလာစေရန် စာဖတ်ဝိုင်းများလုပ်ပြီး အပြန်အလှန် ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ မြင်ပါများတော့ခင်၊ တွေ့ပါများတော့ယဉ် ဆိုသကဲ့သို့ အချင်းချင်းချစ်ခင်ရင်းနှီးလာအောင် လေ့လာရေးခရီးများကို ပျော်ပျော်ပါးပါး အတူသွားကြပြီး ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံများကို လေ့လာကြရမည်ဖြစ်ကြောင်း၊ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့် ဘဝသာယာစိုပြည်ရေးကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လူငယ်များ၏ အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှု အရည်အသွေးမြှင့်တင်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း ရှာဖွေပေးရမည်ဖြစ်ကြောင်း၊ လူငယ်တိုင်း အခြေခံပညာနှင့် အဆင့်မြင့်ပညာအထိ သင်ယူနိုင်ရေးအားပေးရမည်ဖြစ်ကြောင်း၊ စာပေနယ်ပယ်၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်များ၌ ထူးချွန်သူလူငယ်များကိုလည်း အားပေးချီးမြှင့်သွားရမည်ဖြစ်ကြောင်း၊ လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး အားကစား၊ ယဉ်ကျေးမှုအနုသုခုမပညာများ ဖွံ့ဖြိုးရေးကိုလည်း အလေးထားသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာလူငယ်များနှင့် ရင်ပေါင်တန်းပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း လေးလေးနက်နက် အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း။

**စနစ်တကျရေးဆွဲ**

လူငယ်များကို စည်းရုံးမှု၊ လေ့ကျင့်ပညာပေးမှု၊ လူငယ်လှုပ်ရှားမှုများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်သည့်နေရာတွင်လည်း ကြုံရာကျပန်း

အောင်မြင်ရေးအတွက် ရှေ့တန်းကပါဝင်နိုင်မည့် အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်နိုင်အောင် တည်ဆောက်သွားပါမည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အားနှင့် မြန်မာမျိုးဆက်သစ်လူငယ်များ၏ ကိုယ်စား လေးလေးနက်နက် ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး

ဗဟိုအလုပ်အမှုဆောင် ဦးသိန်းဆွေကလည်းကောင်း၊စီးပွားရေးကဏ္ဍ နီးနှောဖလှယ်ပွဲမှတွေ့ရှိချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းကလည်းကောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ နီးနှေဖလှယ်ပွဲမှ တွေ့ရှိချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်ကလည်းကောင်း၊ ပညာရေးကဏ္ဍနီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းကလည်းကောင်း ပြန်လည်ရှင်းလင်းတင်ပြကြပြီး တတိယနေ့ အစည်းအဝေးကိုနံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

## ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက် စုပေါင်းကထိန်သင်္ကန်း ကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက် ဓမ္မမေဒိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇာနေယျ(မဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးရှိသော သံဃာတော်အပါး ၂၀ နှင့် စာချစာသင် တိုင်းရင်းသားသာမဏေအပါး၁၈၀ တို့အား စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ရက်)သောကြာနေ့တွင် ယင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ သံဃာတော်များအား ကျောင်းဂေါပကအဖွဲ့က ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားပြီး မိမိတို့အစီအစဉ်ဖြင့်လည်း ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ကထိန် အနုမောဒနာတရားတော်များ နာကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မကွေးမြို့ နေ့စဉ်သံဃဒါန ဆွမ်းလောင်းအသင်း ရွှေရတုဆောင် လှူဒါန်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

မကွေးမြို့နေ့စဉ် သံဃဒါန ဆွမ်းလောင်းအသင်း၏ ရွှေရတုဆောင်ရေစက်ချလှူဒါန်းပွဲကို နိုဝင်ဘာ ၇ ရက်တွင် အဆိုပါအသင်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသည့် တိုင်းနှင့်မြို့နယ်အဆင့် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်များနှင့် အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး ရှေးဦးစွာအလှူရှင် ဦးအေးကိုနှင့် ဒေါ်နုနုခင် သားသမီး မြေးတစ်စု (မြန်မာကိုင်ဒိုကုမ္ပဏီ) မိသားစုက ရွှေရတုဆောင်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မကွေးမြို့နေ့စဉ်သံဃဒါန ဆွမ်းလောင်းအသင်း ဥက္ကဋ္ဌ ဦးသိုက်ထွန်းသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေ၊ အဆိုပါ ဆွမ်းလောင်းအသင်းက ကြီးမှူးကျင်းပသည့် မကွေးပရိယတ္တိ သာသနာ့နုဂ္ဂဟ စာမေးပွဲ ပညာပဒေသာပင် အလှူတော်ငွေနှင့် ဆွမ်းလောင်းအသင်းအတွက် ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် မီးစက်တို့ကို မြန်မာကိုင်ဒိုကုမ္ပဏီ သားသမီးများဖြစ်ကြသော ဦးဇော်ညွန့်ဦး-ဒေါ်မေမြတ်ကြူ၊ ဦးအောင်ကျော်ဦး-ဒေါ်ဇင်မျိုးသန့်၊ ဦးအောင်ထွန်းဦး-ဒေါ်ကြူကြူချို၊ မြေးမသိမ့်မှူးသွယ်နှင့်မစုမွန်အောင်တို့က ပေးအပ်လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစမ်းမြနှင့်ဦးတင်လှိုင်တို့က လက်ခံရယူကြသည်။ **(က-ပ)**

## ပန်းပေါင်း ရှစ်သောင်းလေးထောင် ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီတော်မြတ်ကြီးတွင် ဆရာတော်ဦးဣန္ဒောဘာသ (ပြည်)ကျောက်စာတော်အရှေ့ကျောင်း၊ သင်္ဃန်းကျွန်းက ဦးဆောင်၍ (၁၂) ကြိမ်ပြီး ပထမအကြိမ်မြောက် ပန်းပေါင်း ရှစ်သောင်းလေးထောင်ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၆ ရက် (တန်ဆောင်မုန်းလပြည့်) အရုဏ်တက်ချိန်တွင် ကျိုက္ကဆံစေတီတော်မြတ်ကြီး မုခ်လေးမုခ်ရှိ ဘုရားများအား မျက်နှာတော်သစ်ခြင်း၊ သစ်သီးများ၊ ပန်းများဆက်ကပ်ခြင်း၊ ဆွမ်းဆက်ကပ်ခြင်းများပြုလုပ်ပြီး ဆရာတော်၊သံဃာတော်များအား မုန့်ဆွမ်းများဆက်ကပ်၍ ညနေ ၃ နာရီတွင် ဓမ္မသင်္ဂီကျောင်းတိုက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးဝိမလက ပန်းပေါင်း ရှစ်သောင်းလေးထောင် လှူရခြင်း အကျိုးအကြောင်းများ ဟောကြားပြီး ကျိုက္ကဆံ စေတီတော်မြတ်ကြီးအား လက်ယာရစ်ငါးပတ် ပတ်၍ ပန်းမျိုးစုံ ပန်းပဒေသာ၊ ပန်းရထားများဖြင့် လှည့်လည်ပူဇော်မည်ဖြစ်ရာ တပည့်ဒါယကာ၊ဒါယိကာမများ လှည့်လည်ပူဇော်နိုင်ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုလျှင် ကျိုက္ကဆံစေတီတော်မြတ်ကြီး ဂေါပကရုံးတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မဟာဘုံကထိန်နှင့် စာအောင်သံဃာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် (၄၂)ကြိမ်မြောက် မဟာဘုံကထိန်နှင့် စာအောင်သံဃာတော်ပူဇော်ပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ၂၆ရက်)သောကြာနေ့တွင် ပစ္စယာနုဂ္ဂဟအဖွဲ့ ဦးဆောင်လျက် ရပ်ကွက်အလှူရှင်များ၊ ရွှေစံပယ်ရိပ်မွန်မိသားစုနှင့် ရှမ်းလေးပွဲရုံမိသားစုများက ဆရာတော်ဘဒ္ဒန္တ ဇာဂရ အမှူးပြုသော စာချ စာသင် သံဃာတော် အပါး၁၀၀ နှင့် ပင့်သံဃာတော်အပါး၅၀ တို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၁၃၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု အဋ္ဌမအကြိမ်မြောက် ဘုံကထိန်သင်္ကန်းကပ်လှူပွဲကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၂၁**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီးဒေါ်ခင်သန်းဝင်းတို့အားအမှူးထား၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ထမ်းမိသားစု၏ အဋ္ဌမအကြိမ်မြောက် ဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဓမ္မာရုံ၌ကျင်းပရာ မင်္ဂလာဒုံမြို့နယ် မဟာဂန္ဓာရီကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝ အမှူးပြုသော သံဃာတော် ၁၀ ပါးကြွရောက်တော်မူ၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီး ဒေါ်သီတာဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

## လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရှေးဦးစွာ မဟာဂန္ဓာရီကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်က ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များကို ချီးမြှင့်ကြသည်။ ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်ဇနီး**(အောက်ပုံ)**၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီးနှင့် ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

## နေ့ဆွမ်းဆက်ကပ်

ထို့နောက် မဟာဂန္ဓာရီကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ပြန်ကြားရေးဝန်ကြီးဌာနမိသားစုများ၏ ဘုံကထိန်သင်္ကန်းကပ်လှူပွဲ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၊ ဆရာတော်များအားလှူဖွယ်ပစ္စည်းဆက်ကပ်

ရန်ကုန်  နိုဝင်ဘာ  ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မိသားစုများ၏ ဘုံကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရတနာဗိမာန်ကျောင်းတိုက်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

## တက်ရောက်ကြည်ညို

ဘုံကထိန်သင်္ကန်း ကပ်လှူပွဲ အခမ်းအနားသို့ ရတနာဗိမာန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရတနာဗိမာန်ကျောင်းတိုက် ဆရာတော်ထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း**(အပေါ်ပုံ)**နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့က လှူဖွယ်ပစ္စည်းများကို ဆရာတော်အား ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က ကထိန်လျာဥတ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်စိုးနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## အမျှပေးဝေ

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ရတနာဗိမာန်ကျောင်းတိုက် ဇေယျတုဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့၏ ဒုတိယအကြိမ် ဘုံကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် နန်းဦး(ပရဟိတ) ကျောင်းတိုက်၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများတက်ရောက်ကြသည်။

ရှေးဦးစွာ နန်းဦးကျောင်းတိုက် ဆရာတော်ဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသေဋ္ဌထံမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အကြံပေးအရာရှိဦးအောင်ဆန်းတို့က ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

■ *ကျော်ဖုံးမှ*

## ဘာသာရပ် ၁၄ မျိုး

အမျိုးသားစာပေဆုတွင် ဘာသာရပ်၁၄ မျိုးရှိသည့်အနက်ဝတ္ထုရှည်ဆုတွင် ဆောင်းဝင်းလတ်၏ **"နံနက်(၃)နာရီ"**၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ခင်ခင်ထူး၏ **"ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများ"**၊ ကဗျာပေါင်းချုပ်ဆုတွင် စလင်းဘုန်းကျော်၏ **"မေတ္တာရိပ်နန်း ပန်းရောင်စုံကဗျာများ"**၊ စာပဒေသာဆုတွင် ဒေါ်မိမိလေး၏**"အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ"**၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆုတွင် မောင်သစ္စာ၏ **"မြန်မာ့ရှေးဟောင်းမင်စာနှင့် မြန်မာ့ယဉ်ကျေးမှု"**၊ ကလေးစာပေဆုတွင် မြင်းမူမောင်နိုင်မိုး၏**"လောကနီတိကဗျာများ"**၊ လူငယ်စာပေဆုတွင် သန်းအောင်(အညာမြေ)၏ **"ပန်းပျိုးအလှပန်းအလှ"**၊ ဘာသာပြန်(သုတ)စာပေဆုတွင်လှိုင်သင်း၏**"စစ်ဘက်ခေါင်းဆောင်မှု၏မျက်နှာဖုံး"**၊ ဘာသာပြန်(ရသ)စာပေဆုတွင် မောင်ထွန်းသူ၏ **"ဝံပုလွေများနှင့် ကခုန်ခြင်း"**၊ သုတပဒေသာ(ဝိဇ္ဇာ)စာပေဆုတွင် မကြန်၏**"မဟာဝန် ရှင်တော်မင်းကြီး"**၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)စာပေဆုတွင် ကျော်ဦး၏ **"အနန္တစကြဝဠာ၏ အနားစွန်းပေါ်သို့"**၊ သုတပဒေသာ(အသုံးချသိပ္ပံ) စာပေဆုတွင် နိုင်ရွှေမိုး၏ **"မြန်မာ့မှတ်သုံ"**၊ ပြဇာတ်စာပေဆုတွင် ကြူကြူသင်း၏ **"ရွှေတံခါးကြီး ဖွင့်ပါဦးနှင့် အခြားပြဇာတ်များ"**၊ နိုင်ငံရေးစာပေဆုတွင် ဒေါက်တာ မတင်ဝင်း၏ **"အာရှနိုင်ငံများကို ဖဲ့ယူသိမ်းယူခဲ့ကြသော နယ်ချဲ့များ"** စာအုပ်တို့က အသီးသီးဆုရရှိကြသည်။

## ဆုချီးမြှင့်ပွဲ

အမျိုးသားစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို စာဆိုတော်နေ့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆုရရှိကြသော စာရေးဆရာများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်၊ တယ်လီဖုန်းအမှတ်-၂၅၂၅၆၀၊ ၂၄၀၀၄၈နှင့် ၃၈၁၄၄၉တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ပြီး နိုဝင်ဘာလ (၂၅)ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် စာတည်းမှူးချုပ်ထံ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | ရေးသူ | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁ | ဝတ္ထုရှည် | နံနက် ၃ နာရီ | ဆောင်းဝင်းလတ် | စိတ်ကူးချိုချိုစာပေ |
| ၂ | ဝတ္ထုတိုပေါင်းချုပ် | ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများ | ခင်ခင်ထူး | ချိုတေးသံစာပေ |
| ၃ | ကဗျာပေါင်းချုပ် | မေတ္တာရိပ်နန်း ပန်းရောင်စုံ ကဗျာများ | စလင်းဘုန်းကျော် | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၄ | စာပဒေသာ | အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ | ဒေါ်မိမိလေး | NCHRD |
| ၅ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ | မြန်မာ့ရှေးဟောင်းမင်စာနှင့် မြန်မာ့ယဉ်ကျေးမှု | မောင်သစ္စာ | စာပေဗိမာန် |
| ၆ | ကလေးစာပေ | လောကနီတိကဗျာများ | မြင်းမူမောင်နိုင်မိုး | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၇ | လူငယ်စာပေ | ပန်းပျိုးအလှ ပန်းအလှ | သန်းအောင်(အညာမြေ) | စာပေဗိမာန် |
| ၈ | ဘာသာပြန်(သုတ) | စစ်ဘက်ခေါင်းဆောင်မှု၏ မျက်နှာဖုံး | လှိုင်သင်း | ကံ့ကော်ဦးမွန်စာပေ |
| ၉ | ဘာသာပြန်(ရသ) | ဝံပုလွေများနှင့်ကခုန်ခြင်း | မောင်ထွန်းသူ | ကံ့ကော်ဝတ်ရည်စာပေ |
| ၁၀ | သုတပဒေသာ(ဝိဇ္ဇာ) | မဟာဝန်ရှင်တော်မင်းကြီး | မကြန် | မြန်မာ့ရတနာစာပေ |
| ၁၁ | သုတပဒေသာ (ရိုးရိုးသိပ္ပံ) | အနန္တစကြဝဠာ၏ အနားစွန်းပေါ်သို့ | ကျော်ဦး | ပါရမီစာပေ |
| ၁၂ | သုတပဒေသာ (အသုံးချသိပ္ပံ) | မြန်မာ့မှတ်သုံ | နိုင်ရွှေမိုး | စာပေဗိမာန် |
| ၁၃ | ပြဇာတ်စာပေ | ရွှေတံခါးကြီးဖွင့်ပါဦးနှင့် အခြားပြဇာတ်များ | ကြူကြူသင်း | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၁၄ | နိုင်ငံရေးစာပေ | အာရှနိုင်ငံများကို ဖဲ့ယူသိမ်းယူခဲ့ကြသော နယ်ချဲ့များ | ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) | ပါရမီစာပေ |

# စာပေကို ရိုးသားစွာရေးသားမှုအပေါ် ဂုဏ်ပြုသည့် နိုင်ငံတော်ကို ကျေးဇူးတင်ရှိ (ဆရာငွေးမောင်)

# နိုင်ငံတော်နှင့် ပြည်သူအကျိုး ရသမြောက်ကဗျာများကို ရေးဖွဲ့သွားမည် (မြင်းမူ-မောင်နိုင်မိုး)

# ခေတ်သစ်နယ်ချဲ့တို့ လက်နက်ဖြင့်သာမက စီးပွားရေးဖြင့်ပါ နယ်ချဲ့လာ (ဒေါက်တာမတင်ဝင်း)

# မိမိ စိတ်ဝင်စားသည့် စာပေလုပ်ငန်းကို တစိုက်မတ်မတ် လုပ်ကိုင်ခဲ့ (ကျော်ဦး)

# ကဗျာသက်တမ်းရှည်ကြာလာသည်နှင့်အမျှ စပ်ထုံးစပ်နည်းများလည်း စုံလင် (စလင်းဘုန်းကျော်)

ရန်ကုန် နိုဝင်ဘာ ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၀၃ခုနှစ် ထုတ်ဝေခဲ့သော စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး မြန်မာစာပေအကျိုးကို ထူးချွန်စွာ ပြောက်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားခဲ့သူ အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာငွေးမောင်နှင့် အခြားအမျိုးသားစာပေဆုရသူများအား ယနေ့ညပိုင်း၌ မြန်မာ့အလင်းက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။**

## ငွေးမောင်

**"အမျိုးသားစာပေ တစ်သက်တာဆု"** ရွေးချယ်ချီးမြှင့်ခံရသော ဦးငွေးမောင် (စာရေးဆရာငွေးမောင်) အား မြောက်ဥက္ကလာပတွင် နေထိုင်သော စာပေချစ်မြတ်နိုးသူ ဦးတင်သိန်းမှတစ်ဆင့် ဆက်သွယ်၍ မြန်မာ့အလင်းက သွားရောက် တွေ့ဆုံ မေးမြန်းခဲ့သည်။

နှစ်ပေါင်း ၆၀ကျော်၍ စာပေဘဝဖြင့် ဘဝတည်ထောင်ခဲ့သော စာရေးဆရာ ငွေးမောင်က မမျှော်လင့်ခဲ့သော အမျိုးသားစာပေ တစ်သက်တာဆုရရှိ၍ ကြည်နူးအားရ မဆုံးရှိကြောင်း၊ နှစ်ပေါင်း မြောက်မြားစွာ ရေးသားလာမှု၊ စာပေကိုချစ်မြတ်နိုးမှု နိုင်ငံတော်က အသိအမှတ်ပြု တစ်သက်တာစာပေဆု ချီးမြှင့်ခြင်းအတွက် ဂုဏ်ယူဝမ်းသာ ကြည်နူးပီတိဖြာ၍ မဆုံးရှိကြောင်း၊ စာပေနယ်တွင် နှစ်ပေါင်းများစွာ လုပ်ကိုင်လာသည့် အသီးအပွင့်ကျေးဇူးတရားကို ခံယူရ၍ ကြည်နူးဝမ်းသာ ပီတိဖြာရသည်မှာ မည်သည့်စည်းစိမ်နှင့်မျှ မလဲနိုင်ကြောင်း၊ စာပေကို ရိုးသားစွာ ရေးသားမှုအပေါ်တွင် ဂုဏ်ပြုသည့် နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ရှိကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

အမျိုးသားစာပေဆုကို ၁၉၆၄ ခုနှစ်က အရေးတော်ပုံလုံးချင်းဝတ္ထုဖြင့် စတင်ရရှိခဲ့ပြီး ၁၉၆၅ခုနှစ်တွင် တိုက်ပွဲခေါ်သံလုံးချင်းဝတ္ထုရှည်ဖြင့် ထပ်မံရရှိခဲ့ကြောင်း၊ ယခုအခါ အမျိုးသားစာပေ တစ်သက်တာစာပေဆုရလို့ စာပေနယ်မြေတွင် စာပေကိုချစ်မြတ်နိုးသည့်၊ လုပ်ကိုင်ရသည့် အကျိုးကျေးဇူးဟု ခံယူကြောင်း၊ စာပေကို ၁၉၄၇ခုနှစ် ပြည်သူ့ရဲဘော်ဂျာနယ် ဝတ္ထုပြိုင်ပွဲ၌ စတင်ခြေချခဲ့ကြောင်း။

စာပေနယ်တွင် ကျင်လည်ကျက်စားမည်ဟု ဆုံးဖြတ်ကာ မွေးရပ်ဇာတိမြေ ချောက်မြို့က စွန့်ခွာ၍ ရန်ကုန်မြို့သို့ ၁၉၅၂ခုနှစ်တွင် ရောက်ရှိခဲ့ကြောင်း၊ ရန်ကုန် မရောက်မီ ဝတ္ထုရှည်၊ ဝတ္ထုတိုများ ရေးသား လက်စွမ်းပြခဲ့၍ ရန်ကုန် ရောက်သည့်အခါတွင် ဦးပြည့်စုံ၏ သွေးသောက်မဂ္ဂဇင်းတွင် အယ်ဒီတာ ဖြစ်ခဲ့ကြောင်း၊ သွေးသောက်မဂ္ဂဇင်းတွင် လေးနှစ်တာ လုပ်ကိုင်ပြီးနောက် ၁၉၅၆ခုနှစ်၌ မြဝတီအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၂နှစ်ကျော် ၂၃နှစ်ခန့် မြဝတီမဂ္ဂဇင်း၌ လုပ်ကိုင်ပြီး အငြိမ်းစားယူခဲ့ကြောင်း။

မြဝတီမဂ္ဂဇင်းက အနားယူပြီးနောက် သပြေနှင့် သိပ္ပံမဂ္ဂဇင်းများတွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့ကြောင်း၊ နှစ် ပေါင်း၅၀ကျော်မျှ အယ်ဒီတာဘဝ လုပ်ကိုင်ခဲ့ကြောင်း၊ ၁၉၇၀ပြည့်နှစ်က ဩစတြေးလျနိုင်ငံသို့ စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့နှင့် လိုက်ပါခွင့်ရခဲ့ကြောင်း။

မြောက်ဥက္ကလာပမြို့နယ် စာပေလုပ်သားအဖွဲ့တွင် ဥက္ကဋ္ဌတာဝန် နှစ်ဆယ့်ရှစ်နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို လေးနှစ်တာ ထမ်းဆောင်ခဲ့ကြောင်း။

ယခုအခါ ဂျာနယ်မဂ္ဂဇင်း မြောက်မြားစွာထွက်ရှိနေ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း၊ အားရ ကျေနပ်မှုများရှိကြောင်း၊ စာပေ ရေးသားသူများအတွက် ရေးကွက် ကျယ်ကြောင်း၊ ကလောင်သစ်များအတွက် ရေးစရာများလာကြောင်း၊ ယခင်က စာပေအဖွဲ့ဝင် ၂၀၀၀ ကျော် ရှိရာမှ ၆၀၀၀ ကျော် ရှိလာသည်က ရေးအားရော ထုတ်ဝေအားပါ ကောင်းလာသည်ဟု ဆိုရမည် ဖြစ်ကြောင်း၊ ယခုအခါ ဝန်ကြီးဌာနသာမက အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများက စာပေဆုများ ချီးမြှင့်သည့်အတွက် စာပေရေးသားမှု သက်သက် ဆောင်ရွက်နေသူများ အတွက်များစွာ အားတက်ဖွယ်ရာ ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

စာရေးဆရာ ဦးငွေးမောင်ကို မကွေးတိုင်း ချောက်မြို့တွင်၁၉၂၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်၌ ဖခင် ဦးတိုင်းကျော်(ကျောင်းဆရာ)၊ မိခင် ဒေါ်ငွေခဲတို့က မွေးဖွားခဲ့သည်။ မွေးချင်း ငါးဦးအနက် ပဉ္စမမြောက်သားဖြစ်သည်။ ယခုအခါ အမှတ် ၁၀၉၂ မာဃလမ်း၊ (၄၆)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

## မြင်းမူ-မောင်နိုင်မိုး

အမျိုးသားစာပေဆုကို (၅)ကြိမ်မြောက်ရရှိသူ မြင်းမူ-မောင်နိုင်မိုးအား မြန်မာ့အလင်းက ဆက်လက်တွေ့ဆုံခဲ့သည်။ မြင်းမူ-မောင်နိုင်မိုးကို ၁၉၅၂ခုနှစ် အောက်တိုဘာလတွင် စစ်ကိုင်းတိုင်း မြောင်မြို့၌ အဖ ဦးထွန်းဉာဏ်၊ အမိ ဒေါ်တင်လှတို့မှ မွေးဖွားခဲ့ကြောင်း၊ အသက်(၁၄)နှစ်အရွယ်မှ စတင်၍ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့ရာ ယခုအခါ ကဗျာရေးသက် ၃၈နှစ် ရှိပြီဖြစ်ကြောင်း၊ ၁၉၈၁ခုနှစ်တွင် သံလွင်ကမ်းမှ ပန်းအိပ်မက် ကဗျာစာအုပ်ဖြင့် လည်းကောင်း၊ ၁၉၉၁ခုနှစ်တွင် နာဂတောင်တန်း ပွင့်တဲ့ပန်းနှင့် အခြားကဗျာများ စာအုပ်ဖြင့် လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ခယောင်းလမ်းနှင့် ပန်း သပြေကဗျာစာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၁ခုနှစ်တွင် နွေမိုးဖျန်းပက် ပန်းတစ်ခက် ကဗျာစာအုပ်ဖြင့် လည်းကောင်း၊ ယခု ပဉ္စမအကြိမ်တွင် **လောကနီတိကဗျာများ** စာအုပ်ဖြင့် အမျိုးသားစာပေဆုများ အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း။

အလယ်တန်း ကျောင်းသားဘဝ၊ အထက်တန်း ကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ တပ်မတော်သားဘဝ၊ စာပေဖြင့်အသက်မွေးမှုပြုနေသော စာပေသမားတစ်ဦး၏ဘဝ အစရှိသည်ဖြင့် ဘဝအမျိုးမျိုး ရှုထောင့်အထွေထွေတွင် မြန်မာကဗျာကို မြန်မာကဗျာပီပီသသဖြင့် ရိုးရာအစဉ်အလာကိုထိန်းသိမ်း၍လည်း ကောင်း၊ ဖတ်ရှုသူများအတွက် တစ်စုံတစ်ခုသောရသကို ထာဝရပေးစွမ်းနိုင်စေရမည်ဟူသည့်ယုံကြည်ချက်ဖြင့် လည်းကောင်း ကဗျာကိုချစ်မြတ်နိုးစွာ ရေးဖွဲ့ခဲ့သူဖြစ်ကြောင်း၊ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ဆိုသကဲ့သို့ တီထွင်ဆန်းသစ်မှုများအမျိုးမျိုး ပေါ်ပေါက်လာသည်ကို ကြိုဆိုလက်ခံကြောင်း၊ သို့ရာတွင် အရိုးကို အရွက် မဖုံးစေသင့်ဟူဘိသကဲ့သို့ မြန်မာကဗျာ၏ မူလကပင် အခိုင်အမာတည်ရှိခဲ့သော အခြေခံစည်းစနစ်များ၊ ထုံးခလေ့နည်းနာများ၊ အလင်္ကာဂုဏ်ရသတို့ဖြင့် ထုံမွမ်းအပ်သော ကဗျာ၏ ပုံသဏ္ဌာန်ကို မပျောက်ကွယ်သင့်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု၏အမွေအနှစ်တစ်ရပ်ဖြစ်သော မြန်မာကဗျာမပျောက်ကွယ်မညှိုးမှိန်ရေး၊ မြန်မာကဗျာ၏ လှပသော၊ ခိုင်ခံ့သော စံချိန်စံညွှန်းများကို ဖော်ကျူးသီကုံးလျက် နိုင်ငံတကာ ကဗျာလောကသို့ ထိုးဖောက်နိုင်ရေး၊ နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးတို့အတွက် မြန်မာကဗျာကို ချစ်မြတ်နိုးသော ကဗျာပြုသူတိုင်းက ပြုစုရေးသားကြရမည်ဖြစ်ကြောင်း။

ယခု လောကနီတိကဗျာများ စာအုပ်သည် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားများ သာမက လူငယ် လူကြီးမရွေး ဖတ်ရှုနားလည်စေနိုင်ရန်အတွက် လွယ်ကူသော ကဗျာစပ်နည်းများဖြင့် လေးနက်သော အကြောင်းအရာများကို သီကုံးထားခြင်းဖြစ်ကြောင်း။

လောကနီတိဟူသည် လောကသားတိုင်းအတွက် လမ်းညွှန်ချက်များပင် ဖြစ်ကြောင်း၊ မြတ်ဗုဒ္ဓ ဟောကြားသော တရားတော်များ၊ ပညာရှိတို့၏ အဆိုအမိန့်များပင်ဖြစ်၍ လောကလူသားတို့ သိမှတ်လိုက်နာအပ်သည့် လူမှုကျင့်ဝတ်နှင့် လူမှုစည်းကမ်းများဆိုင်ရာ ထုတ်ဖော်လမ်းညွှန်ထားချက်များပင်ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ ထိုသို့သော လေးနက်မြင့်မြတ်သော အကြောင်းအရာများကို ကလေးတို့ ဖတ်ရှုချင့်စဖွယ်ဖြစ်အောင် ရေးဖွဲ့ပြီး အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေနိုင်ခဲ့သဖြင့် လည်းကောင်း၊ မိမိ၏ ကြိုးပမ်းအားထုတ်မှုကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် အမျိုးသားစာပေဆုအဖြစ် ပဉ္စမအကြိမ်မြောက် ချီးမြှောက်ခြင်းခံရသဖြင့် အထူးပင်ကျေနပ် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် နောင်အနာဂတ်တွင်လည်း နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမည့် ရသမြောက်ကဗျာများကို ဆက်လက် သီကုံးရေးဖွဲ့သွားမည် ဖြစ်ပါကြောင်း မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

## ဒေါက်တာမတင်ဝင်း
### (ပညာရေးတက္ကသိုလ်)

ထို့နောက် မြန်မာ့အလင်းက အမျိုးသားစာပေဆု(နိုင်ငံရေးစာပေ)ဆုရ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) အား ခုနစ်မိုင် ရတနာလမ်းသွယ် ၃၃-F သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)က "နိုင်ငံရေးစာပေဆု ရရှိ၍ အထူးပင်ဂုဏ်ယူဝမ်းသာပီတိ ဖြစ်မိကြောင်း၊ နယ်ချဲ့များသည် မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်နိုင်ငံများသာမက ကမ္ဘာ့နိုင်ငံအများအပြားကို သိမ်းပိုက်ခဲ့ကြောင်း၊ တိုက်ခိုက်သိမ်းပိုက်ရာတွင် ကိုလိုနီ နိုင်ငံဖြစ်ရုံသာမက လူမှုရေး၊ ယဉ်ကျေးမှုများကိုပင် ပျက်စီးအောင် ဖျက်ဆီးခဲ့ကြောင်း၊ ယခုအခါ ခေတ်သစ်နယ်ချဲ့တို့သည် လက်နက်နှင့်သာမက စီးပွားရေးနည်းနှင့်ပါ နယ်ချဲ့လာကြကြောင်း။

ကုမ္ပဏီများ ဖွင့်လှစ်လွှမ်းမိုးရုံသာမက ခေတ်မီဆက်သွယ်ရေးနည်းမျိုးစုံဖြင့် ခြယ်လှယ်လာကြောင်း၊ တိုင်းပြည်ကာကွယ်ရေးကို မိမိတို့၏ အတတ်ပညာအရည်အချင်း အရည်အသွေးများဖြင့်ပါ နယ်ချဲ့ကို တွန်းလှန်ရန်ရည်ရွယ်ရေးသားခြင်းဖြစ်ကြောင်း။

အမျိုးသားစာပေဆုကို ယခုအခါ ဒုတိယအကြိမ်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၀၁ ခုနှစ်က ကုန်းဘောင်ကိုဆန်၍ စာအုပ်ဖြင့် ပထမအကြိမ်ရရှိခဲ့သည်။ ယနေ့ခေတ်ကာလ မကြုံစဖူး ဂျာနယ် မဂ္ဂဇင်းများစွာ ထွက်ရှိနေရာ စာပေ ရေးသားသူများအတွက် ရေးကွက်ကျယ်လာ၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း၊ နိုင်ငံတော်ကပါ စာပေဆုများချီးမြှင့်နေမှုကို စာပေရေးသားသူတစ်ဦးအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)ကို ၁၉၄၀ပြည့်နှစ် ဇန်နဝါရီ ၆ရက်တွင် အဖ ဦးဘငွေး၊ မိခင် ဒေါ်ရင်ရင်တို့က မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့တွင် မွေးဖွားခဲ့သည်။ ရေနံချောင်းတွင် ကျောင်းနေကြီးပြင်းခဲ့ပြီး ၁၉၅၆ခုနှစ်တွင် တက္ကသိုလ်ဝင်(၁၀တန်း)စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၆၁ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A(ဝိဇ္ဇာဘွဲ့)ရရှိခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ပညာရေးမဟာဌာန B.Ed ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၇၀ပြည့်နှစ်တွင် ဆိုဗီယက်ရုရှားမှ Ph.D (Methodology) ဘွဲ့ရရှိခဲ့သည်။

၁၉၆၈ခုနှစ် ပညာတန်ဆောင်၊ ပညာလောက စာစောင်များတွင် ရေးသားခဲ့ပြီး ၁၉၈၄ခုနှစ် သောင်းပြောင်းထွေလာတွင် အခြေချစာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ဘဝသောင်းပြောင်းသမိုင်းကြောင်းစာအုပ် ၆၇အုပ်၊ ဘာသာရေးစာအုပ်၆၀ ရေးသားခဲ့သည်။ ဆက်လက်ပြီး နိုင်ငံအတွက် အကျိုးပြုမည့် စာအုပ်စာတမ်းများ ရေးသားသွားမည်ဟု သိရသည်။

## ကျော်ဦး

အမျိုးသားစာပေဆု သုတပဒေသာ(ရိုးရိုးသိပ္ပံ) **အနန္တစကြဝဠာ၏ အနားစွန်းပေါ်သို့**စာအုပ်ဖြင့် ရရှိသူ ကျော်ဦးအားမြန်မာ့အလင်းကထပ်မံ တွေ့ဆုံမေးမြန်းသည်။ အမည်ရင်း ကျော်ဦးဖြစ်သည်။ ဖခင်ဦးကြူစိုင်၊ မိခင် ဒေါ်သန်းကျင်တို့က ၁၉၄၈ခုနှစ် ဇူလိုင်၁၉ရက်တနင်္သာရီတိုင်းထားဝယ်မြို့၌ မွေးဖွားသည်။ ထားဝယ် (အထက-၁)တွင် ပညာသင်ခဲ့ပြီး ၁၉၇၁ခုနှစ် ရန်ကုန်စက်မှု တက္ကသိုလ်မြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သည်။

သုတပဒေသာ(ရိုးရိုးသိပ္ပံ) အမျိုးသားစာပေဆုရ ကျော်ဦးက စက်မှုတက္ကသိုလ်ကောင်းသားဘဝကပင် ကျော်ဦး(စက်မှုတက္ကသိုလ်)ကလောင်အမည်ဖြင့် သိပ္ပံဆောင်းပါး ပုဒ်ရေ ၂၀၀ခန့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားခဲ့ကြောင်း၊ ၁၉၇၁ ခုနှစ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရေးသန့်အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ် ဝန်ထမ်းဘဝမှ နုတ်ထွက်၍ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ ပါရမီစာပေတည်ထောင်၍ စိတ်ဝင်စားသည့် စာပေလုပ်ငန်းကို စိုက်လိုက်မတ်မတ် လုပ်ကိုင်ခဲ့ကြောင်း။

ဝန်ထမ်းဘဝ ၁၉၇၆-၇၇ ခုနှစ်က နယ်သာလန်နိုင်ငံသို့ ပညာသင်သွားရောက်ခဲ့ပြီး ဘွဲ့လွန် ဒီပလိုမာအောင်မြင်ခဲ့ကြောင်း၊ အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ဆွီဒင်နိုင်ငံများသို့ လေ့လာရေး သွားရောက်ခဲ့ကြောင်း ပြောကြားသည်။

ကျော်ဦး (စက်မှုတက္ကသိုလ်) သည် ကလောင်အမည် ချမ်းအေး၊ မြသက်၊ ကျော်ဦး စသည့်တို့ဖြင့် ရေးသားခဲ့ပြီး အမှတ် ၃-ခ၊ ကံ့ကော်မြိုင်လမ်း ပါရမီ ရန်ကုန်တွင် နေထိုင်လျက်ရှိသည်။

## စလင်းဘုန်းကျော်

အမျိုးသားစာပေဆု ကဗျာပေါင်းချုပ် **"မေတ္တာရိပ်နန်း ပန်းရောင်စုံကဗျာ"**များဖြင့် ရရှိသူ စလင်းဘုန်းကျော်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းသည်။ စလင်းဘုန်းကျော်ကို ဖခင် ဦးခင်မောင်၊ မိခင် ဒေါ်လှမေတို့က ၁၉၅၉ ခုနှစ် ဇန်နဝါရီ ၂၉ရက် မကွေးတိုင်း စလင်းမြို့နယ် ကျက်သကိုင်ရွာတွင် မွေးဖွားခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ခဲ့သည်။

စလင်းဘုန်းကျော်သည် ၁၉၈၆ ခုနှစ် စစ်ပြန်မဂ္ဂဇင်းတွင် ပန်းတိုင်သို့ ချီရာဝယ် ကဗျာဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့ကြောင်း၊ တပ်မတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲများတွင် ကဗျာရှည်(ပထမဆု) နှစ်ကြိမ်၊ နှစ်သိမ့်ဆု တစ်ကြိမ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲတွင် ကဗျာပေါင်းချုပ် စတုတ္ထဆု၊ စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆု တစ်ကြိမ်၊ ဒုတိယဆု နှစ်ကြိမ်၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကဗျာနှစ်သိမ့်ဆု တစ်ကြိမ်ရရှိခဲ့ဖူးကြောင်း။

စလင်းဘုန်းကျော်သည် ကျောင်းသားဘဝ အလယ်တန်း စာသင်ချိန်ကပင် မြန်မာ ကဗျာများကို ဖတ်ရှုဝါသနာပါပြီး ရေးသားစပ်ဆိုခဲ့ကြောင်း၊ စစ်တက္ကသိုလ် ကျောင်းသားဘဝက ကဗျာစာပေကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာ ခဲ့ကြောင်း၊ မြန်မာကဗျာသက်တမ်းသည် ရှည်ကြာလာသည်နှင့်အမျှ စပ်ထုံးစပ်နည်းများသည်လည်း စုံလင်လှကြောင်း၊ တပ်မတော်သား ဘဝအနေဖြင့် စစ်မြေပြင်အတွေ့အကြုံများ၊ တိုင်းရင်းသားဓလေ့ထုံးစံများ ရေးဖွဲ့စပ်ဆိုခဲ့ကြောင်း၊ ထို့ကြောင့်လည်း ကဗျာစာပေဆု၁၀ဆု ရရှိခဲ့ကြောင်း၊ ကဗျာလုံးချင်းခြောက်အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ကဗျာနှင့်ပတ်သက်၍ ထီလာစစ်သူ၊ မြင်းမူမောင်နိုင်မိုး၊ တင်မောင်အေး (ပခုက္ကူ) စသူတို့သည် ၎င်း၏ သင်ဆရာ၊ မြင် ဆရာများ ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။ ။ **(မြန်မာ့အလင်း)**



နိုဝင်ဘာ ၂၀ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သဃ်န်းကျွန်းမြို့နယ် သီရိမာလာလမ်း လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

## ပါဠိကာရိပရိယတ္တိစာသင်တိုက်တွင် စုပေါင်းမဟာဘုံကထိန် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရိပရိယတ္တိစာသင်တိုက်ကြီး၏ (၃၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတွင် သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံ အကျိုးတော်ဆောင်လူကြီးများ ဦးဆောင်၍ ရန်ပြေဆွမ်းလောင်းလှူငယ်များ၊ ရန်ပြေလမ်းအသီးသီးမှ လမ်းကိုယ်စားလှယ်များက မိမိတို့လမ်းအလိုက် စေတနာရှင်များလှူဒါန်းသော ပဒေသာပင်များကို ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂိသ ကျောင်းတော်သို့ တပျော်တပါး စည်ကားသိုက်မြိုက်စွာ (တန်ဆောင်မုန်းလပြည့်နေ့)နိုဝင်ဘာ ၂၆ ရက်တွင် ပို့ဆောင်လှူဒါန်းမည်ဟု သိရသည်။ **(က-ပ)**

## သာသနာ့ပဇ္ဇောတာရုံကျောင်းတိုက် ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက် ရွာဦးလမ်း သာသနာ့ပဇ္ဇောတာရုံကျောင်းတိုက်၌ တန်ဆောင်မုန်းလပြည့် (သောကြာနေ့) နံနက်တွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ စေတနာရှင် ဒါယကာ၊ ဒါယိကာများ လှူဖွယ်ပစ္စည်းများလှူဒါန်း၍ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## အောင်လံမြို့နယ် ရွှေပန်းတောကျေးရွာအနီး ပဒဲရေလှောင်တမံစီမံကိန်းတည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စစ်ဆေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြား

ရန်ကုန် နိုဝင်ဘာ ၂၁

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၁၉ ရက်က မကွေးတိုင်း အောင်လံမြို့နယ် ရေပေါ်ကျေးရွာတစ်ဝိုက် စိုက်ပျိုးထားသည့် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဝါစိုက်တောင်သူများ၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဝန်ထမ်းများအားတွေ့ဆုံ၍ လက်ရှိစိုက်ပျိုးထားသော ဝါစိုက်ခင်းများသည် မျိုးကောင်းမျိုးသန့်များ အသုံးပြုပြီး စိုက်နည်းစနစ်မှန်ကန်သည့်အတွက် ပန်းတိုင်အထွက်နှုန်းဖြစ်သော တစ်ဧက ဝါပိဿာချိန် ၄၀၀ ရရှိနေပြီဖြစ်ကြောင်း၊ ရေဖျန်းစနစ်ကိုအသုံးပြု၍ ပိုမိုထွက်ရှိအောင် ဆောင်ရွက်ရေးနှင့် အခြားသော ပန်းတိုင်အထွက်နှုန်း မရသေးသည့် ဝါတောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရန် ကူညီဆောင်ရွက်ရေး မှာကြားဆွေးနွေးသည်။**

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အောင်လံမြို့၏ အရှေ့တောင်ဘက် ၂၈ မိုင်ခန့်အကွာရှိ ရွှေပန်းတောကျေးရွာအနီး၌ တည်ဆောက်နေသည့် ပဒဲရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ပဒဲရေလှောင်တမံစီမံကိန်း၏ အဓိက တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအခြေအနေများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

### ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးက ပဒဲရေလှောင်တမံသည် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ မကွေးတိုင်းအတွင်း ဆည်အစုအဖွဲ့ တည်ဆောက်မှုစီမံကိန်းများဖြစ်သော နတ်တောင်ရေလှောင်တမံ၊ ပုလင်းရေလှောင်တမံ၊ စွန်ချောင်း ရေလှောင်တမံ၊ ဆဒ္ဒန် ရေလှောင်တမံ၊ ငမင်ရေလှောင်တမံ၊ ဘန်းကုန်း ရေလှောင်တမံ၊ ကင်ပွန်းတောင် ရေလှောင်တမံ၊ ရန်ပယ် ရေလှောင်တမံ၊ ဘွက်ကြီး ရေလှောင်တမံ၊ ပဒဲ ရေလှောင်တမံ စသည့် ဆည်အစုအဖွဲ့ ၁၀ ခုတွင် ယခု တည်ဆောက်ဆဲ ပဒဲရေလှောင်တမံမှာ ၁၀ ခုမြောက် ဆည်ဖြစ်ကြောင်း၊ ဆည်များကို အစုအဖွဲ့ဖြင့် နိုင်ငံတော်မှ တည်ဆောက်ပေးသဖြင့် ပူပြင်းခြောက်သွေ့သော မကွေးဒေသကို စိမ်းလန်းစိုပြည်မှု ဖြစ်ပေါ်စေသည့်အပြင် နယ်မြေလူထု၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေခဲ့ကြောင်း၊ ပဒဲရေလှောင်တမံ ပြီးစီးပါက ဆည်အစုအဖွဲ့ ၁၀ ခု၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်စေနိုင်သည့်အတွက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားသည်။

### ဆည်ရေပေးနိုင်မည်

ပဒဲရေလှောင်တမံမှာ ပဒဲချောင်းကို ပိတ်၍ ရေဆင်းဧရိယာ ၆၁ ဒသမ ၁၉ စတုရန်းမိုင်မှ စီးဆင်းလာသော ရေများကို ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၂၉၀၀ သိုလှောင်ပြီး ဧက ၆၄၀၀ ဆည်ရေပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးသည် အောင်လံမြို့နယ် ဒန်းဒေါင့်ကျေးရွာအနီးရှိ တည်ဆောက်ဖွင့်လှစ်ပြီး ဘွက်ကြီး ရေလှောင်တမံသို့ ရောက်ရှိပြီး ကန်ရေပြည့် ဧကပေ ၇၃၁၉၀ ရေသိုလှောင်ထားမှု၊ နွေစပါးဧက ၁၀၀၀ စိုက်ပျိုးရန် တစ်စက္ကန့်လျှင် ဆည်ရေ ကုဗပေ ၄၀ ရေပေးမှု၊ ရေထိန်းမျှော်စင်၊ ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

**နိုဝင်ဘာ ၂၀ ရက်က အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ ပူးပေါင်းမှုအစီအစဉ်အရ Daimler Chrysler မှ မြန်မာနိုင်ငံအိုလံပစ်ကော်မတီသို့ Mercedes Benz Mini-Van မော်တော်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံယူစဉ်။** (အား/ကာ)





**အောက်တိုဘာ ၂ ရက်က အမှတ်(၄) ထီးတန်း ၅ လမ်း ကြည့်မြင်တိုင်မြို့နေ မိခင်ကြီး ဒေါ်ကျင်စိုး၏ (၇၆)နှစ်မြောက် မွေးနေ့အလှူနှင့် ဒေါက်တာဝင်းနိုင်၏ မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး ငွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။** (က-ပ)

## အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်သို့ ဝင်ခွင့်လျှောက်ထားနိုင်ကြ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အောက်တွင် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်ကို ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါကောလိပ်တွင် English for Professional Purposes - BA(EPP) နှင့် Bachelor in Business Management - BBM ဘွဲ့(လုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့)သင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး အဆိုပါဘွဲ့သင်တန်းများသို့ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ပြီး စုစုပေါင်းရမှတ် ၄၀၀ နှင့်အထက် ရရှိသူများ လျှောက်ထားနိုင်သည်။ BA(EPP)ဘွဲ့အတွက် ၃၀ နှင့် BBM ဘွဲ့အတွက် ၅၀ သာ လက်ခံမည် ဖြစ်သည်။

လျှောက်ထားသူသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ မိမိကိုင်ဆောင်သော အမျိုးသားမှတ်ပုံတင်အမှတ်(သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့မဟုတ်) နိုင်ငံသားလက်မှတ် အမှတ်များကို အပြည့်အစုံဖော်ပြ၍ ကိုင်ဆောင်သော လက်မှတ်၊ ဓာတ်ပုံမိတ္တူများကို တစ်ပါတည်း ပူးတွဲလျက် တင်ပြရမည်။ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက် တင်ပြရမည် ဖြစ်သည်။

### တိုက်ရိုက်လျှောက်ထား

၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်လျှောက်ထားပြီးသူများသည် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ထပ်မံလျှောက်ထားလိုပါက အောက်ပါအချက်အလက်များကို ဖော်ပြပြီး ၂၂-၁၁-၂၀၀၄ ရက်မှ ၃၀-၁၁-၂၀၀၄ ရက် နောက်ဆုံးထား၍ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့သို့ တိုက်ရိုက်လျှောက်ထားရမည် ဖြစ်သည်။

အမည်၊ အဖအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နိုင်ငံသားလက်မှတ် အမှတ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် စာစစ်ဌာန၊ ခုံအမှတ်၊ ခုနှစ်၊ စုစုပေါင်းရမှတ်၊ နေရပ်လိပ်စာ၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းတို့ ဖြစ်သည်။

ဖော်ပြပါ ဘွဲ့နှစ်ခုအနက် တစ်ခုတည်းကိုဖြစ်စေ၊ နှစ်ခုဖော်ပြ၍ဖြစ်စေ ဦးစားပေး(၁)၊ ဦးစားပေး(၂)ဟု ထင်ရှားစွာ ရေးသားဖော်ပြရမည် ဖြစ်သည်။

ဤကောလိပ်သို့ ဝင်ခွင့်မရပါက မူလလျှောက်ထားခဲ့သော ဦးစားပေးတက္ကသိုလ်/ဘာသာရပ်အလိုက်သာ စိစစ်ရွေးချယ်မည်။ (ဤကောလိပ်သို့ ဝင်ခွင့်လျှောက်ရာတွင် မူလလျှောက်ထားခဲ့သော ဦးစားပေးအစီအစဉ်ကို ဖော်ပြရန်မလိုသကဲ့သို့ မူလလျှောက်ထားခဲ့သော ဦးစားပေးအစီအစဉ်ကို ပြုပြင်ပြောင်းလဲပေးရန်လည်း တင်ပြရန်မလိုပါ။)

### ပြည့်စုံစွာဖြည့်စွက်တင်ပြ

၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ပြီး မည်သည့်တက္ကသိုလ်/ဘာသာတွဲကိုမျှ လျှောက်ထားရခြင်းမပြုရသေးပါက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ စာအိတ်ကို ပြည့်စုံစွာ ဖြည့်စွက်တင်ပြနိုင်သည်။ သို့သော် ဤကောလိပ်တစ်ခုတည်းအတွက်သာ ဖြစ်သည်။ အခြားတက္ကသိုလ်၊ ကောလိပ်၊ ဘာသာတွဲများကို ဖော်ပြပါက ၎င်းတို့ကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

ဝင်ခွင့်ရရှိသူများစာရင်းကို ၁၀-၁၂-၂၀၀၄ ရက် (သောကြာနေ့)တွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့၌ ကြေညာထားမည် ဖြစ်သည်။

### ဆက်သွယ်မေးမြန်းနိုင်

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၃၁၄၇၊ ၀၁-၅၂၅၆၁၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## (၂၅)ကြိမ်မြောက် မေတ္တာသုခကျောင်း ဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် မေတ္တာသုခကျောင်းတိုက် (၂၅)ကြိမ်မြောက် ဘုံကထိန်ပွဲကို တန်ဆောင်မုန်း လပြည့်နေ့တွင် ဒေါ်ဆယ်၊ ဦးချစ်ငွေ-ဒေါ်ကြင်၊ မောင်စန်းလွင်-မခင်မာမြင့် (ရှုခင်းသာ ထမင်းဆိုင်လေဆိပ်) မိသားစုတို့က ဥတ်သက်န်းနှင့် လှူဒါန်းမှု အစုစု မတည်၍ တပည့်ဒါယကာ ဒါယိကာမများစုပေါင်း၍ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

## ပျံလွန်တော်မူသွားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အား ရပ်ဝေးရပ်နီးမှသံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ လာရောက်ဖူးမြော်ပူဇော်

**ရန်ကုန် နိုဝင်ဘာ ၂၁**

နိုဝင်ဘာ ၁၇ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူမဟာဝိသုတာရာမနိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ်ကြီး၏ ရုပ်ကလပ်တော်ယာယီအပူဇော်ခံရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်စာသင်တိုက် ပြည်လုံးချမ်းသာသိမ်တော်ကြီးသို့ ယနေ့နံနက်ပိုင်းမှ စတင်ပြီး ရပ်ဝေးရပ်နီးမှ သံဃာတော်များ၊ ဒါယကာ ဒါယိကာမများ လာရောက်ဖူးမြော်ပူဇော်ကြသည်။

**ရွတ်ဖတ်ပူဇော်**

ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက် ပုညကုသလဝတ်အဖွဲ့က သံဝေဂဂါထာတော်များကိုလည်းကောင်း၊ ညနေပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရဲစခန်းမိသားစုဝတ်အဖွဲ့က ပရိတ်တရားတော်များကိုလည်းကောင်း အသီးသီးရွတ်ဖတ်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဘဝနတ်ထံပျံလွန်တော်မူသွားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ အန္တိမဈာပနပူဇော်ပွဲသဘင်၌ ဓမ္မပူဇာတရားပွဲများ နေ့စဉ်ညဂနာရီမှစ၍ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက် ညတွင် သစအ ဓမ္မာစရိယပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယာဘိဝံသ (ခင်မကန်ဆရာတော်)က ဇပဟိုမဏ္ဍပ်တော်အတွင်း၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ **(သတင်းစဉ်)**

**ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူ မဟာဝိသုတာရာမ နိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ သောဘိတမဟာထေရ်မြတ်၏ဥတုဇရုပ်ကလာပ်တော်အားဘာသာရေးဝတ်အသင်းများက ဓမ္မစပ္ပဝတ္တန သုတ်တော်များ၊သံဝေဂ ဂါထာတော်များဖြင့် ရွတ်ဖတ်ပူဇော်စဉ်။(သတင်းစဉ်)**

## ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံကိုးဆောင်ကျောင်းတိုက် ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အားစံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့် အခမ်းအနားကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူမဟာဝိသုတာရာမနိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့်အခမ်းအနားကို (၁၃၆၆ ခု တန်ဆောင်မုန်းလဆန်း ၁၄ ရက်) နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်စာသင်တိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ အန္တိမဈာပနသဘင်တရားပွဲများ ညစဉ်ဂနာရီ

| စဉ် | ရက်စွဲ | တရားဟောကြားချီးမြှင့်တော်မူမည့်ဆရာတော် |
|---|---|---|
| ၁။ | ၂၂-၁၁-၂၀၀၄ | သ-စ-အ ဓမ္မာစရိယပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသူရိယာဘိဝံသ (ခင်မကန်ဆရာတော်) |
| ၂။ | ၂၃-၁၁-၂၀၀၄ | ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မဒူတအရှင်ဆေကိန္ဒ |
| ၃။ | ၂၄-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခ (ဝါခင်းကုန်းဆရာတော်) |
| ၄။ | ၂၅-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဥာဏိဿရ (သီတဂူဆရာတော်) |

## မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၁**

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၅-၁-၂၀၀၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ခန်းမကြီးတွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာ ဆရာမများကို ဖိတ်စာများပေးပို့လျက်ရှိကြောင်းနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ဦးချိုအေး၊ ဦးအေးကို ဖုန်း-၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဦးအောင်ကြည်မြင့် ဖုန်း-၆၉၉၁၂၃၊ ၂၅၆၃၉၉၊ ဦးတင်ထွန်း ဖုန်း-၆၉၉၃၉၃၊ ဦးကျော်ဆန်းထွန်း ဖုန်း-၇၀၀၁၆၄၊ ဦးဆုတင် ဖုန်း-၃၇၁၂၇၇၊ ၃၈၀၄၉၉ နှင့် ဒေါ်ခင်မမကြီး ဖုန်း-၆၉၉၉၃၉ တို့သို့ ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်နိုင်ကြကြောင်း သိရသည်။ **(က-ပ)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ အန္တိမဈာပနပူဇာ ပင့်လျှောက်လွှာ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ဘဝနတ်ထံပျံလွန်တော်မူသွားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၂၇ ရက်) စနေနေ့တွင် အန္တိမဈာပနသာဓုကိစ္စပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်ရှိ ဆရာတော်ကြီး၏ တပည့်သံဃာတော်များ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကြွရောက်ပူဇော်ကြပါရန် ပင့်လျှောက်ထားကြောင်းနှင့် သီးခြားပင့်လျှောက်လွှာဆက်ကပ်ခြင်းမရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးအနည်းငယ်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။**



## အပြည်ပြည်ဆိုင်ရာဂူရှုးအဖွဲ့ အလုပ်အမှုဆောင်နှင့် အဖွဲ့ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ဂူရှုးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးကို တက်ရောက်ရန် အပြည်ပြည်ဆိုင်ရာ ဂူရှုးအဖွဲ့ချုပ် အလုပ်အမှုဆောင် အီတလီ နိုင်ငံမှ Gen-Falconi နှင့် အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂူရှုးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အမှုဆောင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

**(မြန်မာ့အလင်း)**



## ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဂူရှုးအလုပ်အမှုဆောင်အစည်းအဝေးတက်ရောက်ရန် ရောက်ရှိသည့်အဖွဲ့အားကြိုဆို

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်၂၀၀၄ခုနှစ်(၆)ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲအား တက်ရောက်ရန်နှင့်အပြည်ပြည်ဆိုင်ရာ ဂူရှုးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးတက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီး Mr. Li Zhijian နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာမြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂူရှုးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Wang Ruiqingနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ယင်းလေကြောင်းနှင့်အတူ ပြိုင်ပွဲဝင် တရုတ်အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သရုပ်ပြအဖွဲ့၊ ပြိုင်ပွဲအားလိုက်လံကြည့်ရှုအားပေးမည့် အဖွဲ့လည်း လိုက်ပါလာကြသည်။ **(မြန်မာ့အလင်း)**

# ပုလဲမြို့နယ် တက်နေလင်း စာကြည့်တိုက်ဖွင့် ပြန်ကြားရေးဝန်ကြီးဌာနမှ စာအုပ်များလှူဒါန်း

ပုလဲ နိုဝင်ဘာ ၁

**မုံရွာခရိုင် ပုလဲမြို့နယ် လဲကန်အုပ်စုတွင် ကိုယ့်အားကိုယ်ကိုး တက်နေလင်း စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၃ရက်က လဲကန်ရွာ တွဲဖက်အလယ်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းမောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးလူခင်နှင့် တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးလှရွှေ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းမောင်က ကျေးလက်ဒေသများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရုံးမှ စာကြည့်တိုက်မှူး ဦးမြင့်ဇော်က ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော စာအုပ်မျိုးစုံ ၅၂အုပ်နှင့် ကျေးရွာလူငယ်များက လှူဒါန်းသော သုတ၊ ရသစာအုပ်မျိုးစုံ ၈၅အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**





## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**အောက်တိုဘာ ၂၇ရက်က မတ္တရာမြို့နယ် အမှတ်(၄)ရပ်ကွက် မင်္ဂလာလမ်းအား အလှူရှင်များ မတည်ငွေဖြင့် စည်ပင်ဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကျောက်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ကျေးလက် သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ ထိန်းသိမ်းရေး သင်တန်းဖွင့်

**ရေနံချောင်း နိုဝင်ဘာ ၁၀**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။



**ဟောပြောပို့ချ**

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးသန်းဦးတို့ ကြီးကြပ်ပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့် **(ယာပုံ)**နှင့် တာဝန်ရှိသူများက စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းနည်း အခြေခံကို ဟောပြောပို့ချကြရာ သင်တန်းသို့ ကျေးရွာ ၁၄၅ ရွာမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## ပညာ့ဥယျာဉ်စာကြည့်တိုက်ဖွင့်

**နမ္မတူ နိုဝင်ဘာ ၃**

နမ္မတူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး ပညာ့ဥယျာဉ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး ပညာ့ဥယျာဉ် စာကြည့်တိုက်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းအိအိဖြူနှင့် မိုင်းတပ်ကျေးရွာဥက္ကဋ္ဌ ဦးဒေါ်နတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်နန်းအိအိဖြူက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၅၀ နှင့်အခြား ဌာနဆိုင်ရာများ၊ ပြည်သူများက လှူဒါန်းသော စာအုပ် ၁၇၀ တို့ကို ပေးအပ် လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံ ရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# ထန်တလန်မြို့နယ်ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ထန်တလန် နိုဝင်ဘာ ၃

**ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးနီကျင်းနှင့် ဝန်ထမ်းများသည် ထန်တလန်မြို့နယ် ထလွာလမ်ကျေးရွာ၊ မွန်လီပီကျေးရွာ၊ တလန်ရွာ(က)ကျေးရွာ (အပေါ်ပုံ)နှင့် တလန်ရွာ (ခ)ကျေးရွာများသို့ အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များ ဖွင့်လှစ်ပေးကြသည်။**

**ရှင်းလင်းပြောကြား**

**ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးနီကျင်းက စာကြည့်တိုက်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။**

**ဖွင့်လှစ်ပေး**

**ထို့နောက် ကျေးရွာဥက္ကဋ္ဌများက အဆိုပါကျေးရွာအသီးသီးရှိ စာကြည့်တိုက်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။** (မြို့နယ်ပြန်/ဆက်)

## ပလင်္ဂါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ဘီးလင်းမြို့နယ်သုခပညာစာကြည့်တိုက်ဖွင့် စာအုပ်၊ စာစောင်များနှင့် ငွေများပေးအပ်

**ဘီးလင်း နိုဝင်ဘာ ၈**

ဘီးလင်းမြို့နယ် မရမ်းကုန်းကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုး သုခပညာ စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်ဆန်းဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးနွယ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**



ထို့နောက် မရမ်းကုန်းကျေးရွာကိုယ့်အားကိုယ်ကိုး သုခပညာစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာ အလှူရှင်များက စာအုပ်စာစောင် ၁၅၀ နှင့်အလှူငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစန်းလွင်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



# လှိုင်ကော်ကျေးလက်လမ်း ကျောက်ချောခင်း

**လှိုင်ကော် နိုဝင်ဘာ ၃၁**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဖြစ်သော မြေနီကုန်း-ထေးငါးလျား ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် မြေသားပြုပြင်ခြင်းလုပ်ငန်းအား အောက်တိုဘာ ၂၇ရက်က ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(နယ်စပ် စည်ပင်)**

# ဂျုံစိုက်ပျိုးလုပ်ငန်းရည်ရွယ်ချက်ရှင်းလင်း

ဝက်လက် နိုဝင်ဘာ ၂

**ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့်အဖွဲ့သည် ဝက်လက်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၅ရက် နံနက်၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက စစ်ကိုင်းတိုင်း၏ စပါးကျီဖြစ်ရေး၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးဧက ပြည့်မီရေး ဆောင်ရွက်မှုအခြေအနေနှင့် စပါးစိုက်ဧက သိန်း ၂၀ပြည့်မီရန် ကြိုးပမ်းဆောင်ရွက်ရေးနှင့် လာမည့်နွေစပါးကို စိုက်ပျိုးရမည့်ဧက ၅၆၀၀၀ ပြည့်မီအောင် စိုက်ပျိုးရေး၊ စပါးများရိတ်သိမ်းပြီးပါက ရေလိုက်ကြဲ ပဲများကို အချိန်မီကြဲနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်ဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးက နွေစပါးစိုက်ပျိုးချိန်တွင် သဖန်းဆိပ်ဆည် ရေလုံလောက်စွာရှိကြောင်း ဆွေးနွေးပြီး ဒိုင်းမွန်းစတားကုမ္ပဏီ အကြီးတန်းအတတ်ပညာရှင် ဦးချစ်ကိုကိုက အကျိုးတူ ဂျုံစိုက်လုပ်ငန်း ရည်ရွယ်ချက်များနှင့် မြေဆီ၊ ပိုးသတ်နှင့် ပေါင်းသတ်ဆေး အသုံးချနည်းပညာများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(က-ပ)

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ဘုရားသုံးဆူမြို့တွင် မြို့နယ် စည်ပင် သာယာရေးအဖွဲ့က မြို့မဈေး သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် နိုဝင်ဘာ ၃ ရက်က ဈေးအတွင်း အပြင် သန့် ရှင်း ရေး



ဆောင်ရွက်ခြင်းနှင့် အမှိုက်များ သိမ်းဆည်းမှုကို တာဝန်ခံဦးကျော်ဌေး ဦးဆောင်သော ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

**လက်ပံတန်းမြို့ ဘီးလင်းတန်းလမ်း ကတ္တရာဖြင့် လမ်းပေါက်ဖာထေးပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မိုးသွင် အောက်တိုဘာ ၂၇ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ် ပြန်/ဆက်)



## ကျန်းမာရေးညီညွတ်ရန် ဆင်ဘိုမြို့တွင် အစားအစာရောင်းချမှုစစ်ဆေး

**ဆင်ဘို နိုဝင်ဘာ ၁**

ဆင်ဘိုမြို့တွင် မြို့နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန်အတွက် အောက်တိုဘာ ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဈေးရောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ရောင်းချမှု ရှိမရှိတို့ကို စစ်ဆေးကြပြီး အသားငါးများအား ယင်နားမှု မရှိစေရေးအတွက် အဖုံးအအုပ်များဖြင့်ရောင်းချရန် စစ်ဆေးအကြံပြုကြသည်။ **(ပြည်နယ်စည်ပင်)**

## မြန်မာ့အသံ

**၂၃-၁၁-၂၀၀၄(အင်္ဂါနေ့)နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ငှက်ဖျားဆေးထုတ်လုပ်မှု အကြောင်း)
၁၁း၃၅ မြန်မာ့မူပဟန်ဇာတိမာန် ဟောပြောချက်(အတ္ထုပ္ပတ္တိစာပေနှင့် ဇာတိမာန်-မောင်ဆုရှင်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (တန်ဖိုးရှိသောအိမ်-ဖျာပုံ ရည်လွင်အောင်)
၁၂း၂၀ ဇာတ်လမ်းပမာ(နာခြင်းကိုးရပ် ရင်မှာအပ်ကာ)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မိဘကျေးဇူးဆပ်ဖူးစေချင်-ရန်ကင်းခင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သတ္တမတန်း-သင်္ချာအတွဲ-၂)

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (ပျော်ပျော်ပါးပါး စည်စည်ကားကား)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲအကြောင်း)
၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၈း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (သွေးတိုးရောဂါကာကွယ်ပါ)
၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲအစီအစဉ်

## ပျဉ်းမနား အထက(၁)၌ ဟောပြောပွဲကျင်းပ

**ပျဉ်းမနား နိုဝင်ဘာ ၅**

ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကမ္ဘာ့ကုလသမဂ္ဂနေ့ ဟောပြောပွဲကို အောက်တိုဘာ ၂၄ရက် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က အမှာစကား ပြောကြားပြီး အလယ်တန်းပြ ဆရာဦးတင်ဝင်းက ကမ္ဘာ့ကုလသမဂ္ဂ ဖြစ်ပေါ်လာပုံနှင့်ဦးခင်မောင်သန်းက ကုလသမဂ္ဂအဖွဲ့အစည်း၏ ဆောင်ရွက်ချက်များကို ဟောပြောကြသည်။ **(၀၉၉)**



**တောင်ငူမြို့နယ် သပြေခုံကျေးရွာ အမက စာသင်ကျောင်းဝင်းအတွင်း တူးဖော်ပြီးစီးသော လက်နှိပ်တွင်း၏ ရေထွက်ရှိမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ် စည်ပင်)

# ယခုအပတ်မြန်မာဗီဒီယို ၁၂ ကားဖြန့်ချိပြသ မေတ္တာဘွဲ့၊ ဟာသနှင့် ဘဝပညာပေး ဇာတ်ကားများပါဝင်

**မောင်ဆွေထွန်း**

ရန်ကုန် နိုဝင်ဘာ ၂၁

**ယခုအပတ်နိုဝင်ဘာ ၂၂ ရက် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၂ ကားဖြန့်ချိပြသခွင့်ရရှိရာ မေတ္တာဘွဲ့၊ ဟာသနှင့်ဘဝပညာပေးဇာတ်ကားများ ပါဝင်သည်ကို တွေ့ရသည်။**



**လပ်ကီးပလေ့ဗီဒီယိုမှ ဒါရိုက်တာစိုးကျော်ဆန်း၏ 'ချစ်ခဲ့ဖူးသည့်နေ့စွဲများ' ဇာတ်ကားမှ ကျော်ရဲအောင်နှင့် စိုးမြတ်နန္ဒာ။**

ထိုဇာတ်ကားများမှာ လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာ မြိုင်စစ်သူ ရိုက်ကူး၍ မော့စ်၊ ကင်းကောင်၊ ငြိမ်းချမ်းနှင့် ချစ်စရာတို့ ပါဝင်သော **"အာဖျံကွီးနှင့် စိန်ကြောင်နီလာပြူး"** ဇာတ်ကား။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ ရဲမင်းပိုင်ရိုက်ကူး၍ ရဲမင်းပိုင်နှင့် လင်းဇာနည်ဇော်တို့ပါဝင်သော **"လှသောမာန ငြိမ်သောမေတ္တာ"** ဇာတ်ကား။ လပ်ကီးပလေ့ ဗီဒီယိုမှ ဒါရိုက်တာ စိုးကျော်ဆန်း ရိုက်ကူး၍ ကျော်ရဲအောင်၊ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သော **"ချစ်ခဲ့ဖူးသည့်နေ့စွဲများ"** ဇာတ်ကား။

စိန်ပန်းမင်းဗီဒီယိုမှ ဒါရိုက်တာ နေကြာရိုင်းရိုက်ကူး၍ သီဟတင်စိုး၊ ဇင်မာဦးတို့ ပါဝင်သော **"ယောကျ်ား ပီပီ ဘာမထိ"** ဇာတ်ကား။ စိုးမိုးဗီဒီယိုမှ ဒါရိုက်တာ ချိုင်းရှိန် ရိုက်ကူး၍ ကျော်သူ၊ ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာနှင့် နန္ဒာလှိုင်တို့ပါဝင်သော **"ရပ်ကြည့်ပြီးမှ သွားသင့်သော ခြေလှမ်းများ"** ဇာတ်ကား။ ပြည့်စုံအောင် ဗီဒီယိုမှ ဒါရိုက်တာနေပိုင်ရိုက်ကူး၍ လူမင်း၊ ပန်းဖြူနှင့် မိုးစန္ဒီကျော်တို့ပါဝင်သော **"တစ်နေ့သောနေသာချိန်"** ဇာတ်ကား။

မဏိရွှေစင်ဗီဒီယိုမှ ဒါရိုက်တာ ဖိုးကျော်ရိုက်ကူး၍ ဝေဠုကျော်၊ နဝရတ်၊ ခိုင်ဘိုဘိုတို့ ပါဝင်သော **"သံသယဆူး"** ဇာတ်ကား။ ဆုဗီဒီယိုမှ ဒါရိုက်တာမောင်ပြည့်ဝ ရိုက်ကူး၍ မင်းဟိဏ်း၊ မေသဥ္ဇာဦး၊ မိုးစန္ဒီကျော်နှင့်ရန်နောင်တို့ ပါဝင်သော **"မှားတဲ့ပင်လယ်"** ဇာတ်ကား။ ညိုရာလွင်ဗီဒီယိုမှ ဒါရိုက်တာ ဇော်ရိုက်ကူး၍ ဇော်၊ ကင်းကောင်၊ ကုသိုလ်နှင့် ထင်ပေါ်တို့ ပါဝင်သော **"ကံတရားနှင့် ကစားကြသူများ"** ဇာတ်ကား။

ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်သိန်းရိုက်ကူး၍ နေမျိုးအောင်၊ လှအဥ္ဇလီတင့်နှင့် အေးဝတ်ရည်သောင်းတို့ ပါဝင်သော **"အပြုံးရှိက်သံ"** ဇာတ်ကား။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ မောင်နီလွင် ရိုက်ကူး၍ နိုင်ထက်ဦး၊ ဟန်နီထွန်းနှင့် မေသကြိန်တို့ ပါဝင်သော **"တူသောအကျိုး"** ဇာတ်ကား။ ရွှေမင်းသားဗီဒီယိုမှ ဒါရိုက်တာ ကိုအောင်မင်းသိမ်းရိုက်ကူး၍ ခင်လှိုင်၊ မန်းဝင်းနှင့် လှအဥ္ဇလီတင့်တို့ ပါဝင်သော **"ဘာလုပ်မိလို့လဲ"** ဇာတ်ကားများ ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

## အမူအရာ



**ကြောင်ကမ္ဘာဗီဒီယိုမှ 'အပြုံးရှိက်သံ'ဇာတ်ကားမှ နေမျိုးအောင်နှင့် လှအဥ္ဇလီတင့် တို့၏ အမူအရာ။**



## သရုပ်ဆောင်မှုဟန်ပန်

**စိန်ပန်းမင်း ဗီဒီယို၏ 'ယောကျ်ားပီပီဘာမထိ'ဇာတ်ကားမှ သီဟတင်စိုး၏သရုပ်ဆောင်မှုဟန်ပန်။**

## 'ခုနစ်နှစ်လီ' အဆင့်မြင့်ဗီဒီယိုဇာတ်ကား ရိုက်ကူးပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၁

**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူးသော 'ခုနစ်နှစ်လီ' အဆင့်မြင့် ဗီဒီယိုဇာတ်ကားမှာ ရိုက်ကူးပြီးစီးသွားပြီဟု သိရသည်။ ထိုဇာတ်ကားတွင် ကျော်သူ၊ ခန့်စည်သူ၊ နေတိုး၊ မင်းအုပ်စိုး၊ အရိုင်း၊ ဇော်၊ မေသန်းနု၊ ဆုပန်ထွာ၊ ခိုင်ဖွန်၊ ဝိုင်းစုခိုင်သိမ်းနှင့်ထက်ဝေဝေချင်းတို့ ပါဝင်သရုပ်ဆောင်ကြသည်။**

(မြန်မာ့အလင်း)

# အမျိုးသားစာပေ တစ်သက်တာဆု စာရေးဆရာဌေးမောင်ရရှိ



နှစ်ပေါင်းများစွာရေးသားလာပြီး စာပေချစ်မြတ်နိုးသူတစ်ဦးကို နိုင်ငံတော်က အသိအမှတ်ပြု တစ်သက်တာစာပေဆု ချီးမြှင့်သည့်အတွက် ဝမ်းသာပီတိဖြစ်မိ။ (စာရေးဆရာဌေးမောင်)
သတင်းအကျယ် - စာ(၁၁)
(ဓာတ်ပုံ-မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၁

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် ဦးဌေးမောင် (စာရေးဆရာဌေးမောင်)အား "အမျိုးသားစာပေတစ်သက်တာဆု"ကို ရွေးချယ်ချီးမြှင့်လိုက်သည်။**

အဆိုပါဆုကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ကျင်းပမည့် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့်(၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆု ဆုနှင်းသဘင် အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**



မိမိတို့၏ အတတ်ပညာ အရည်အချင်း၊ အရည်အသွေးများဖြင့် နယ်ချဲ့ကို တွန်းလှန်ရန် ရည်ရွယ် ရေးသားခဲ့ခြင်းဖြစ်။ ဒေါက်တာမတင်ဝင်း
သတင်းအကျယ် - စာ(၁၁)
(ဓာတ်ပုံ-မြန်မာ့အလင်း)



တစ်စုံတစ်ခုသော ရသကို ထာဝရပေးစွမ်းနိုင်စေရမည် ဟူသည့် ယုံကြည်ချက်ဖြင့် ကဗျာကို ရေးဖွဲ့ခဲ့။
(မြင်းမူ-မောင်နိုင်မိုး)
သတင်းအကျယ် - စာ(၁၁)
(ဓာတ်ပုံ-မြန်မာ့အလင်း)



တပ်မတော်သား ဘဝဖြင့် စစ်မြေပြင် အတွေ့အကြုံများ၊ တိုင်းရင်းသား ဓလေ့ထုံးစံများ ရေးဖွဲ့စပ်ဆိုခဲ့။
(စလင်းဘုန်းကျော်)
သတင်းအကျယ် - စာ(၁၁)
(ဓာတ်ပုံ-မြန်မာ့အလင်း)

# ၂၀၀၃ခုနှစ်အတွက် အမျိုးသားစာပေဆု ထုတ်ပြန်ကြေညာ

**ဆောင်းဝင်းလတ်၊ ခင်ခင်ထူး၊ စလင်းဘုန်းကျော်၊ ဒေါ်မိမိလေး၊ မောင်သစ္စာ၊ မြင်းမူမောင်နိုင်မိုး၊ သန်းအောင်( အညာမြေ )၊ လှိုင်သင်း၊ မောင်ထွန်းသူ၊ မကြန်၊ ကျော်ဦး၊ နိုင်ရွှေမိုး၊ ကြူကြူသင်း၊ ဒေါက်တာမတင်ဝင်းတို့ရရှိ**



သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် စက်မှုတက္ကသိုလ်ကျောင်းသား ဘဝကစ၍ သိပ္ပံ ဆောင်းပါးများ ရေးသားခဲ့။ ကျော်ဦး
သတင်းအကျယ်-စာ(၁၁)
(ဓာတ်ပုံ-မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၃ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုချီးမြှင့်ရွေးချယ်ခြင်းခံရသော စာအုပ်များ၊စာရေးဆရာများ၏အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

***စာမျက်နှာ ၁၀ ကော်လံ ၁*** ■

# ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

## သန့်ရှင်းသော သောက်သုံးရေရရှိရေး ပျော်ဘွယ်၌ဆောင်ရွက် စက်ရေတွင်းကိုင်တွယ်ထိန်းသိမ်းရေး ပို့ချဆွေးနွေး

**ပျော်ဘွယ် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၁၀နှစ် စီမံကိန်းရေးဆွဲ၍ ၂၀၀၀-၂၀၀၁ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ကျေးရွာ ၁၂၁ ရွာတွင် ရေတွင်း ၁၃၇ တွင်း တူးဖော်ပေးခဲ့ပြီးဖြစ်သည်။

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းများ ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်ရေးအတွက် ရေတွင်းနှင့် စက်ပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းခြင်း၊ ကြံ့ခိုင်ထိန်းသိမ်းခြင်းအတွက် ပညာပေး ရက်တိုသင်တန်း အမှတ်စဉ် (၄/၂၀၀၄)ကို နိုဝင်ဘာ ၂၁ ရက်က ကျေးရွာ ၃၅ ရွာမှ သင်တန်းသား ၃၅ ဦးတို့ဖြင့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဖွင့်လှစ်ခဲ့ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကျော်နှင့် အင်ဂျင်နီယာများက စက်ရေတွင်းများနှင့် ပတ်သက်၍ စာတွေ့၊လက်တွေ့ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**
**(က-ပ)**



နိုဝင်ဘာ ၁၂ရက်က ကျေးလက်ပြည်သူများ အသိအမြင် ဗဟုသုတ တိုးပွားစေရန်အတွက် ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်းကျေးရွာအုပ်စု ဒိုင်ကောင်းကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရွှေမြင့်မိုရ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး(ယာယီ)ဦးတင်လှိုင်က စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၅၃ အုပ် ပေးအပ်လှူဒါန်းသဖြင့် ကျေးရွာဥက္ကဋ္ဌ ဦးသာဇံက လက်ခံရယူစဉ်။ (မြို့နယ်ပြန်/ဆက်)

# ဘဝအေးရိပ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်၊ အရှည်တည်တံ့ရေး ဆွေးနွေး

**ဒီပဲယင်း နိုဝင်ဘာ ၁၅**

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၀ရက်နံနက်ပိုင်းတွင် တယ်တောကျေးရွာအုပ်စု၌ ကျေးရွာ ပြည်သူများဗဟုသုတတိုးပွားစေရန် စာကြည့်တိုက်များ တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ တယ်တောကျေးရွာတွင် ဘဝအေးရိပ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးစိုးလင်းကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ဆွေးနွေး**

ထို့နောက် ကျေးရွာများမှ တက်ရောက်လာကြသည့် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များအား ဒုတိယဦးစီးမှူးဦးမြတင်က စာကြည့်တိုက်များအရှည်တည်တံ့ရေး အထောက်အကူပြု ရှင်းလင်းဆွေးနွေးသည်။

တယ်တောကျေးရွာအုပ်စုတွင် မြတ်ပညာ၊ ပန်းကျောင်း၊ ပြည်သူ့သား၊ ပညာထွန်းလင်းနှင့် ပညာအလင်းစာကြည့်တိုက်များ အပါအဝင် စာကြည့်တိုက် ခြောက်ခု ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ကျေးလက်လမ်းသစ်ဖွင့်

ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နိုဝင်ဘာ ၁၁ ရက်က ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ထီးပုကျေးရွာ အုပ်စု၊ ထီးပုကျေးရွာမှ ဗျတ္တ ပန်းဆက်လမ်းသို့ ဆက်သွယ်သည့် မြေနီလမ်းသစ် ဖွင့်ပွဲ အခမ်းအနားတွင် ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်စိုးနှင့် အဖွဲ့ဝင်များက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(ခရိုင်/ပြန်ဆက်)

